


# ယုံကြည်ခြင်း ခရီးစဉ်

-စာရေးသူ-

ရှပင် အိုးလ်စ်ချူးစ်ကီ

# ယုံကြည်ခြင်း ခရီးစဉ်

## ပဋိညာဉ်တရားနှစ်ခုအကြောင်းမှ နိဒါန်း

Ruben Olschewsky

ပုံနှိပ်သူ

fatheroflove.info

ဧပြီလ ၂၀၂၀

© မာရာနတာ မီဒီယာ၊ ၂၀၂၀

adrian@life-matters.org

## မာတိကာများ


အမှာစာ........................................................................................................5

နိဒါန်း ..........................................................................................................6

ကတိတော်များ ................................................................................................7

ဘုရားသခင်၏ကတိတော် ..................................................................................15

ဘုရားသခင်၏ကတိတော်အား လူသား၏တုန့်ပြန်ခြင်း...................................23

အမွေဆက်ခံခြင်း၏ ကတိတော် .......................................................................31

အသစ်သော ပဋိညာဉ် ......................................................................................37

# ကတိတော်များ၊ ကတိတော်များ။

## အမှာစာ

ပဋိညာဉ်တရားများ၏ အကြောင်းနှင့်ပတ်သက်၍ သဘောထားခံယူချက်များစွာ မြင့်တက်ဖြစ်ပေါ်ပါသည်။ ပဋိညာဉ်တရား "အဟောင်း"နှင့် "အသစ်" ဟူသော ဝေါဟာရစကားလုံးသည် မည်သည့်အဓိပ္ပာယ်ရှိသောကြောင့် ခံယူချက်များစွာ ပေါ်ထွက်လာနေကြသနည်း။ လူအများယုံကြည်ကြသည်မှာ ၎င်းပဋိညာဉ် နှစ်ခုသည် မတူညီသော ခေတ်ကာလနှစ်ခုကို ကိုယ်စားပြုခြင်း (သို့) ယေရှုခရစ်တော်၏ ကားတိုင်တင် အသေခံခြင်းအားဖြင့် ဝမ်းမြောက်ဖွယ်ကယ်တင်ခြင်း ဧဝံဂလိတရားက ခေတ်ကာလနှစ်ခုကို ပိုင်ခြားထားခြင်းဟု ယုံကြည်ကြသည်။ လက်ဝါးကားတိုင် မတိုင်မီတွင်၊ ယုံကြည်သူများသည် "ပညတ်တော်၏ လက်အောက်တွင်" ရှိကြောင်း၊ လက်ဝါးကားတိုင်တွင် သခင်ယေရှု အသေခံပြီးနောက် ယုံကြည်သူများသည် "ကျေးဇူးတော်၏လက်အောက်" တွင် ရှိကြောင်း ယုံကြည် ကြသည်။

ဤစာအုပ်ငယ်သည် ပဋိညာဉ်တရားများအကြောင်းကို ကွဲပြားသောနားလည်မှုအတွက် သမ္မာကျမ်းစာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း နားလည်နိုင်ရန် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားပါသည်။ ကျွန်ုပ်တို့ ခရစ်ယာန် အသက်တာတွင် ပဋိညာဉ်ဟောင်းအတွေ့အကြုံသည် ပဋိညာဉ်အသစ် အတွေ့အကြုံသို့ ပို့ဆောင်လမ်းပြကြောင်း သိရှိရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုဝမ်းမြောက်ဖွယ် ကယ်တင်ခြင်းသတင်းစကားသည် "ထာဝရတည်နေသည်" ဖြစ်ကြောင်း ဖော်ပြရန်မှာ ဤစာအုပ်ငယ်၏ ဦးတည်ချက်ဖြစ်ပါသည်၊ "ငါတို့သည် ဝမ်းမြောက်စရာသတင်းကို ထိုသူတို့ကဲ့သို့ ကြားရကြပြီ [လက်ဝါးကပ်တိုင် မတိုင်ခင်]။ (ဟေဗြဲ ဩဝါဒစာ ၄း၂)။

ကျွန်ုပ်တို့ ပဋိညာဉ်တရားများအကြောင်းကို နားလည်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဟူသည့် ဧဝံဂေလိကတိတော်၌ အလွန်အရေးကြီးသော အကြောင်းအရာ ဖြစ်သည်ဟု ကျွန်တော် ဆင်ခြင်သုံးသပ်မိပါသည်။

## နိဒါန်း

ဤစာအုပ်၏အဓိကရည်ရွယ်ချက်မှာ လူသားများနှင့် ဘုရားသခင်၏ အပြန်အလှန်ဆက်ဆံရေးအား ရိုးရှင်းစွာထုတ်ဖော်ပြရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ အလွန်နီးကပ်သောအချိန်၊ သူ၏တပါးတည်းသောသားတော်နှင့် ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်ခမည်းတော်ဘုရားနှင့်အတူ ရင်းနှီးကျွမ်းဝင်သော ဆက်သွယ်မှုကို တွေ့ကြုံခံစားသည့်အချိန်များစွာလည်း ရှိပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ဝေးကွာစေသည့် မိမိတို့၏ကိုယ်ပိုင်လမ်းစဉ်ကို ရွေးချယ်လိုက်သောအခါ ဘုရားသခင်နှင့် အဆက်အသွယ်မရှိခြင်း၏ အကျိုးဆက်များကို ကျွန်ုပ်တို့ တွေ့ကြုံရပါသည်။ ကိုယ်ပိုင်ရွေးချယ်မှုများ၏ အကျိုးဆက်တစ်ခုပင် ဖြစ်သည်။ ၎င်းအတွေ့အကြုံနှစ်ခု ကြားတွင် အမြဲရွေ့လျားနေသော ကျွန်ုပ်တို့အား ဘုရားသခင်သည် သူ၏ပြီးပြည့်စုံသော စာရိတ္တတော်ကို ကျွန်ုပ်တို့၌ တိုးတက် ပြောင်းလဲလာရန် မျှော်လင့်လျှက် သင်ကြားပေးနိုင်ဖို့ အမြဲကြိုးစားနေသည်။

ကျွန်ုပ်တို့အတွက် ဘုရားသခင်၏အလိုတော်က <u>မည်သည့်အရာ</u>ဖြစ်ကြောင်းနှင့် ထိုသခင်၏ အလိုတော်သည် မည်သည့်အရာဖြစ်သင့်သည်ဟူသော အမြင် နှစ်ခုကို ကျွန်ုပ်တို့ ခွဲခြားသိမြင်နိုင်ခြင်းမရှိသောကြောင့် ဤအရာသည် ခက်ခဲရှုပ်ထွေးလာသည်။ မိမိကိုယ်ကို ဘုရားသခင်ထံ ကျွန်ုပ်တို့ ဧကန် အပ်နှံထားပါသလား။ ကျွန်ုပ်တို့အထဲတွင် အလုပ် လုပ်ရန် သူ့ကို အမှန်တကယ်ခွင့်ပြုနေပါသလား။ သို့မဟုတ် သူ့ကတိတော်များကို ရယူနိုင်ရန် အကောင်းဆုံးဖြစ်မည်ဟု ထင်ရသော နည်းလမ်းကိုသာ ကျွန်ုပ်တို့ အားကိုးနေပါသလား။

ယေရှုပြောဆိုသည်နည်းတူ ပြောနိုင်သည့်အဆင့်သို့ ကျွန်တော်တို့ မည်သို့ ရောက်နိုင်ကြမည်နည်း။

> *"ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်။ ငါသည် ကြားသည်အတိုင်း တရားစီရင်၏၊ ငါ့စီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွတ်၏။ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏အလိုသို့ လိုက်၏။" ရှင်ယောဟန် ၅း၃၀။*

ခရစ်ယာန်အားလုံးသည် သူတို့၏အသက်တာလမ်းစဉ်တွင် ဘုရားသခင်၏အလိုတော်ကို အမှန် တကယ် ဖြည့်ဆည်းခြင်း ရှိမရှိ တစ်ခါတစ်ရံ ဆင်ခြင်မိတတ်ကြပါသည်။ ထို့ကြောင့် ဤစာအုပ်သည် သင့်အတွက် ကောင်းချီးဖြစ်စေပြီး၊ သင့်ယုံကြည်ခြင်းသည် မှန်ကန်ကြောင်းကို အမှန်တကယ်သိရှိရန် ကူညီပေးလိမ့်မည်။

# ကတိတော်များ

ငယ်စဉ်ကလေးဘဝတွင် စိတ်ပျက်စရာ အမြောက်အများကို ကျွန်ုပ်ကြုံတွေ့ခဲ့ဖူးသည်။ အကြောင်းမှာ မတည်နိုင်မည့် ကတိများ အပေးခံရသောကြောင့်ဖြစ်သည်။ သင့်အသက်တာတွင် မတည်သည့် ကတိများ အပေးခံရနိုင်ပါသည်။ မိခင်၊ ဖခင် (သို့) သင်၏ အရင်းနှီးဆုံးသောတစ်စုံတစ်ယောက်သည် သင့်ကို တစ်စုံတရာအတွက် ကတိများပေးခဲ့ပြီး၊ ထို့နောက်သူတို့၏ ကတိများကို မတည်နိုင်ဖြစ်ကြသည်။ ထို့ကြောင့် စိတ်ပျက်ခြင်းများ ခံစားလာရကာ ဤအတွေ့ကြုံများမှ မယုံကြည်မှုများ ဖြစ်လာစေသည်။ မိမိအပေါ် သြဇာအာဏာရှိသောသူများ၊ မိမိနှင့်ရင်းနှီးသောသူများကို မယုံကြည်နိုင်ဖြစ်လာပါသည်။ ထို့သို့ နည်းလမ်းများစွာဖြင့် စိတ်ပျက်ခြင်းမှ ကျွန်ုပ်တို့သည်မိမိကိုယ်ကို ကာကွယ်တတ်ရန် သွယ်ဝိုက်သင်ကြားခြင်းခံရကြသည်။ ကျွန်ုပ်၏စိတ်ပျက်ခြင်း အတိမ်အနက်ကို ထိန်းချုပ်ဖို့ရန် သင်ယူခဲ့သည့် နည်းတစ်ခုမှာ မိမိကိုယ်ကို အားကိုးလုပ်ဆောင်တတ်လာခြင်းဖြစ်သည်။ အနည်းဆုံးသော စိတ်ပျက်အားငယ်မှုသည် ကျွန်တော့် ကျဆုံးမှုများမှသာ လာတော့မည်။

မိသားစု၏နဂိုမူလအကြောင်းကို လေ့လာသုံးသပ်ကြပါစို့-

> တဖန်ဘုရားသခင်က *"ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုငှင်း၊ မိုးကောင်းကင်ငှက်တို့ကိုငှင်း၊ သားယဉ်တို့ကိုငှင်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငှင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။" ကမ္ဘာဦးကျမ်း ၁း၂၆။*

ဘုရားသခင်သည် သူ့၏သားတော်ကို ပြောခဲ့သည့် *"ငါတို့ပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းကြစို့.."* ဟုဆိုသည်မှာ လူယောက်ျားနှင့် လူမိန်းမ၏ အိမ်ထောင်စည်းလုံးခြင်းအားဖြင့် ခမည်းတော်နှင့် သားတော်ဘုရား၏ ဆက်ဆံရေးကို ကမ္ဘာပေါ်တွင် မြင်သာထင်းရှားသည့် ရင်းနှီးသော ဆက်ဆံမှုဖြစ်ကြောင်း ဖော်ပြထားရန်ဖြစ်သည်။ ခမည်းတော်ဘုရားသည် ခရစ်တော်၏ ဦးခေါင်း ဖြစ်ခဲ့သည်နည်းတူ၊ လူယောက်ျားသည် လူမိန်းမ၏ ဦးခေါင်းဖြစ်ခဲ့သည်။ (ကောရိန္သုသြဝါဒစာ ပထမစောင် ၁၁း၃) ဦးခေါင်းဖြစ်သော ခမည်းတော်ဘုရားသည် သူ့အောက်တွင်ရှိသော ခရစ်တော်ဘုရားကို ကောင်းချီး ပေးရန်ဖြစ်သည်။ ထို့ကြောင့် ခမည်းတော် မိန်တော်မူသည်ကား- "ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။" (ရှင်မဿဲ ၃း၁၇၊ ရှင်မာကု ၁း၁၁)။

ဤနည်းလမ်းအတိုင်း၊ အာဒံသည် ဧဝကို ကူညီထောက်ပံ့ရန်နှင့် ဂရုစိုက်စောင့်ရှောက်ရန် ဖြစ်သည်။ အာဒံ၏စကားများသည် ဧဝအတွက် အကျိုးပြုအားပေးခြင်းနှင့် ကောင်းချီးမင်္ဂလာ ဖြစ်ရမည်ဖြစ်သည်။ သူတို့၏ဆက်ဆံမှုသည် ဤကမ္ဘာတစ်ခုလုံးအတွက် ဘုရားသခင်၏ဘုန်းတော်နှင့် ရုပ်ပုံသဏ္ဍာန်တော်ကို ပို၍ရှင်းလင်းစွာ ဖော်ပြရန်သာဖြစ်သည်။ ဧဝအား အာဒံ ပထမဦးဆုံးပြောသောစကားကို ကမ္ဘာဦးကျမ်းတွင် ဖော်ပြထားသည်ကား-

> လူကလည်း၊ *"ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ့ကို လူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။" ကမ္ဘာဦးကျမ်း ၂း၂၃။*

ထိုသို့သော စကားများသည် ကတိစကား မဟုတ်သော်လည်း သူတို့နှစ်ဦးကြား ရင်းနှီးကျွမ်းဝင်ခြင်းရှိကြောင်းကို ကိုယ်စားပြုထားသည်။ ၎င်းသည် နီးကပ်စွာရင်းနှီးမှုရှိပြီး၊ တစ်ယောက်ကို တစ်ယောက် ယုံကြည်ကိုးစားသည့် ဆက်ဆံမှုတွင်  ချည်နှောင်သော သံယောဇဉ်ဖြစ်သည်။ ထိုစကားလုံးများသည် ဧဝ၏ နှလုံးသားထဲတွင် မည်ကဲ့သို့သော မျိုးစေ့မျိုး ဖြစ်စေမည်ကို ဆင်ခြင်ကြည့်ပါ။ ရင်းနှီးကျွမ်းဝင်ခြင်းတည်းဟူသော၊ ချစ်ခြင်းမေတ္တာနှင့် ဂရုစိုက် စောင့်ရှောက်ခြင်းများကို ဖြစ်စေပါသည်။ ထိုစကားများမှ  အာဒံသည် သူ့မိန်းမအပေါ် ထားရှိသည့် သဘောထား မူလရင်းမြစ်ကို ဖော်ပြထားသည်။ သူမသည် သူ့အထဲက လာခဲ့သည်။ သူ့ခန္ဓာကိုယ်၏ အစိတ် အပိုင်းဖြစ်သောကြောင့် သူမကို အလွန်နက်ရှိုင်းစွာ ချစ်ခဲ့သည်။ အကယ်၍ ချစ်ခြင်းမေတ္တာကို သူတို့ပတ်လည်တွင် မြင်နိုင်သော ရောင်ဝါ လက္ခဏာတစ်ခုကဲ့သို့ မြင်နိုင်ပါက၊ ၎င်းသည် အလွန်လှပသော ပန်းချီကားချပ်ပမာ ပုံပေါ်နေမည်ဖြစ်သည်။ ကျရှုံးခဲ့ပြီးသောလူသားသည် နတ်ဆိုးက လှည့်စိတ်ဝိညာဉ် အမှောင်ထုမချခင် ရရှိခဲ့ပြီးသော သန့်ရှင်းဖြူစင်ကာ နိမ့်ချတတ်သောမေတ္တာကို ဆုပ်ကိုင်နိုင်ရန် ရုန်းကန်နေရပြီဖြစ်သည်။

လူသား၏ကျရှုံးခြင်းနှင့်  စုံစမ်းခံရခြင်းအကြောင်းကို  ဆင်ခြင်သုံးသပ်ကြပါစို့။ ၎င်းသည် အာဒံနှင့် သူ့၏မိန်းမအကြား ဆက်ဆံမှုအပေါ်အကျိုးသက်ရောက်မှုရှိပါသည်။ ကျေးဇူးပြု၍ ဤအချက်ကို ဂရုတစိုက် စဉ်းစားဆင်ခြင်သုံးသပ်ပါ။ လူသား၏ကျရှုံးခြင်းအကြောင်းကို ကျမ်းစာက အဘယ်သို့ မှတ်တမ်းတင်ထားကြောင်း၊ ရှေးဦးစွာအနေဖြင့် ကျွန်တော်ဖော်ပြပါမည်။ ၎င်းတို့မှာ-

- လူကိုဖန်ဆင်းခြင်းအကြောင်းကို ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပြီးသား ဖြစ်သည်။ (ကမ္ဘာ ၁း၂၆)
- ဘုရားသခင်သည် လူကို မိမိပုံသဏ္ဍာန်နှင့် အညီဖန်ဆင်းခဲ့သည်။ (ကမ္ဘာ ၁း၂၇)
- ဘုရားသခင်သည် လူသားကို ဧဒင်ဥယျာဉ်၌ နေရာချပေးပြီး၊ စားရမည့်အစာ၊ လုပ်ရမည့်အလုပ်၊ အဘယ်သို့နားရကြောင်းနှင့် အဘယ်အရာများကို လုပ်ပိုင်ခွင့်ရှိကြောင်း ကောင်းစွာ ရှင်းပြသည်။ (ကမ္ဘာ ၁း၂၈-၂း၁၅)

ဘုရားသခင်သည် သူ့၏အုပ်ချုပ်ကွပ်ကဲမှုနှင့် ပတ်သတ်ပြီး လူသားကို သင်ကြားပေးသည်။ ဘုရားသခင်၏အုပ်ချုပ်မှုသည် ချစ်ခြင်း၌ အရင်းခံသည်။ တွန်းအားပေးခြင်းမပါဝင်ဘဲ၊ အသိတရား၏လွတ်လပ်မှုအပေါ် အခြေခံရမည်ဖြစ်သည်။ ထို့ကြောင့် ဘုရာသခင်သည် လူကို နာခံခြင်း၊ မနာခံခြင်းဟူသော အစွမ်းသတ္တိကို ပေးထားခဲ့သည်။ ဘုရားသခင်က လူသားအား ဥယျာဉ်၏ အလယ်တွင်ရှိသောအပင်တစ်ပင်၊ အထူးနာမည်ပေးထားသော "ကောင်း၊မကောင်းသိကျွမ်းရာ အပင်" အကြောင်းကို ပြောပြပြီး၊ ရှင်းပြပေးခဲ့သည်။ ဤအပင်သည် အကြွင်းမဲ့လွတ်လပ်မှုကို ကိုယ်စားပြုပြီး၊ အာဒံနှင့် ဧဝတို့ကို ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ကို ပေးသည်။ အသက်တာတွင် ဘုရားသခင်အပေါ်မှီခို၍ သူ့ဦးဆောင်လမ်းပြမှုနောက်ကို လိုက်မည်လား။ သို့မဟုတ် ဘုရားသခင်အပေါ်မှီခို အားကိုးခြင်းမပြုဘဲ မိမိအလိုအတိုင်း အသက်ရှင်မည်လား။ ဤအပင်ကို မထားရှိပါက ဘုရားသခင်၏ အလိုတော်ဘက်၌ ရွေးချယ်ရမည့် စိတ်ဆန္ဒကို ဖော်ပြရန် အခွင့်အရေးရှိမည်မဟုတ် သကဲ့သို့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်လည်း ရှိမည်မဟုတ်ပေ။ အာဒံနှင့်ဧဝတို့ကို စုံလင်သော စာရိတ္တတော်ဖြင့် ဖန်ဆင်းခဲ့သောကြောင့် သဘာဝအလျှောက် ကျရှုံးပြီးသားလူသား ကျွန်ုပ်တို့၏ ပုန်ကန်လိုသောဆန္ဒသည် သူတို့တွင် မရှိခဲ့ပါ။ ဤနေရာတွင် ဘုရားသခင်သည် သူ ဖန်ဆင်းထားသော အရာအတွက် မိမိကိုယ်မိမိ အဘယ်မျှလောက် နှိမ့်ချထားသည်ကို တွေ့ရပါသည်။ အကြောင်းမှာ လူသားတို့ ရွေးချယ်သော ပုန်ကန်မှု၏ အဖိုးအခကို ကိုယ်တော်ခံတော်မူပါသည်။ (ကမ္ဘာဦးကျမ်း ၂း၁၆၊၁၇)။

ဤဇာတ်လမ်းတွင် နောက်ထပ် ဇာတ်ဆောင် တစ်ယောက် တိုးလာပါသည်။ မြွေကြီးသည် ထိုနေရာတွင် ရှိသည့် တခြားသောဖန်ဆင်းခံသတ္တဝါများထက် လိမ္မာပါးနပ်သော သတ္တဝါဖြစ်သည်။ ဤမြွေကြီးသည် စာတန်၏အယောင်ဆောင် ဖြစ်သည်။ မိန်းမသည် ဥယျာဉ်ထဲတွင် လျှောက်သွားရင်း ကောင်းမကောင်းသိကျွမ်းရာ အပင်ရှေ့သို ရောက်သွားခဲ့သည်။ စာတန်သည် မြွေတိရိစ္ဆာန် ယောင်ဆောင်၍ သူမကို စကားပြောခဲ့ပါတော့သည်။ သူ၏

မေးခွန်းအားဖြင့် ဘုရားသခင်နှင့် အာဒံ၊ ဧဝတို့ကြား တည်ဆောက်ထားသော ဆက်ဆံမှု၏ နှလုံးသားကို ထိုးနှက်ရိုက်ချိုးခဲ့လေတော့သည်။ မြွေမှ ဧဝအား မေးခဲ့သည်မှာ

*"မိန်းမအား သင်တို့သည် ဥယျာဉ်၌ ရှိသမျှသောအပင်တို့၏ အသီးကိုမစားရဟု ကေန်စင်စစ် ဘုရားသခင် မိန့်တော်မူသလော့ဟု မေး၏။"* (ကမ္ဘာဦးကျမ်း ၃း၁)

ဤမေးခွန်းသည် အပြစ်ကင်းဟန်ရှိသော်လည်း သံသယတည်းဟူသော အဆိပ်တောက် ပါရှိနေသည်။ "ဘုရားသခင်မိန့်တော်မူသလော့..." ဟူသောမေးခွန်းသည် ဘုရားသခင်၏ စကားတော်များကို မေးခွန်းထုတ်စရာနှင့် သံသယမျိုးစေ့ကို ဖြစ်စေသော အသုံးနှုန်းဖြစ် သည်။

မိမိအား ဘုရားသခင်ပေးထားသော ညွှန်ကြားချက်နှင့် ပတ်သက်ပြီး မိမိနားလည်သည်အ တိုင်း ဧဝ ရှင်းပြခဲ့သည်မှာ-

*"...ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကိုစားရသော အခွင့်ရှိ၏။ ဥယျာဉ်အလယ်၌ ရှိသော အပင်၏အသီးကိုကား၊ သင်တို့သည် မကိုင်မစားပဲ နေကြလော့၊ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိသည်ဟု မြွေအား ဆို၏။" (ကမ္ဘာဦးကျမ်း ၃း၂၊၃)*

မြွေ၏တုန့်ပြန်ချက်က ပထမမေးခွန်း၏ အကြံစည်ကို သရုပ်ဖော်သွားပါသည်။ မြွေက မိန်းမအား ဘာပြောခဲ့သည်ကို သေချာစွာဂရုစိုက် မှတ်သားထားပါ-

*"မြွေကလည်း သင်တို့သည် ကေန်အမှန်သေရမည် မဟုတ်၊"* (ကမ္ဘာ ၃း၄)

ဤစကားများအဖြင့်၊ မြွေသည် ဘုရားသခင်ကို လိမ်လည်သူဖြစ်သည်ဟု ဆိုပြီး၊ ဘုရား သခင်၏ စကားတော်များကို ဆန့်ကျင်ခဲ့လေသည်။ ဘုရားသခင်သည် အာဒံနှင့် ဧဝအား သူတို့၏ အသက်အတွက် သူ့အပေါ်အခြေခံမှုတည်ရမည့် အကြောင်း ရှင်းပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သူတို့၏အသက်ရင်းမြစ်မှ ဝေးကွာစေခြင်းသည် မိမိအသက်ကို မိမိ မပိုင်သကဲ့ သို့ သဘာဝအတိုင်း သူတို့၏ အသက်တာ အဆုံးသို့ ရောက်စေသည့် အကြောင်းတရား ဖြစ်သွားလိမ့်မည်။ (ကမ္ဘာဦးကျမ်း ၂း၉၊၁၆၊၁၇)

စာတန်က သင်တို့သည် ကေန်အမှန်သေလိမ့်မည် မဟုတ်ဟု ပြောခြင်းအားဖြင့်၊ ဘုရား သခင်၏စကားတော်များကို သွေဖယ်ခဲ့ပြီး၊ သူတို့သည် သဘာဝအလျောက်လည်း သေမည်

မဟုတ်ဟု ထင်ယောင်ထင်မှားဖြစ်စေခဲ့သည်။ အကယ်၍ သူတို့သေလျှင် ဘုရားသခင်ကိုယ်တိုင်က အသက်ကို ဖယ်ရှားပစ်မှသာ သေမည်ဟူ၍ သူတို့အထဲတွင် မယုံကြည်မှုကို ဖြစ်စေပါတော့သည်။

အဘယ်ကြောင့်ဆိုသော်၊ အာဒံနှင့် ဧဝသည် ယခုယုံကြည်ခဲ့သည်မှာ အသက်သည် ဘုရားသခင်ထံမှလာခြင်းထက် တစ်နေရာရာမှလာခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် အမှန်ဖြစ်ပါက(“စားသောနေ့၌ ဧကန် အမှန်သေရမည်”)ဟူသော စကားသည် ဘုရားသခင်က သူတို့၏အသက်ကို ကိုယ်တိုင်သတ်သကဲ့သို့ အဓိပ္ပါယ်သက်ရောက်စေပါသည်။ ဤမြွေ၏လှည့်စားမှုသည် လူသားများအား ဘုရားသခင်၏ စကားတော်များကို မယုံကြည်ရန်နှင့် ဘုရားသခင်ကို နိုင်လိုမင်းထက် ပြုသူအာဏာရှင်ကဲ့သို့သောသူအဖြစ် မြင်ရန် အကြောင်းဖြစ်စေပါသည်။ မြွေသည် မိမိ၏တိတ်တခိုး တိုက်ခိုက်ခြင်းကို ဆက်လက်လုပ်ဆောင်နေသည်မှာ-

> *“အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျှက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ့ံသည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။”* (ကမ္ဘာဦးကျမ်း ၃း၅)

ဤစကားများက ဘုရားသခင်သည် အကြင်လင်မယား၏ ကောင်းစားခြင်း ဖွံ့ဖြိုးတိုးတက်မှုကို တားဆီးထားသည်ဟု အထင်ရောက်စေခဲ့သည်။ ဘုရားသခင်၏ စာရိတ္တတော်ကို လွဲမှားစွာထင်မြင်စေခဲ့ပါသည်။ ဘုရားသခင်နှင့် အဆက်သွယ်မရှိဘဲ အသက်ရှင်နိုင်သည်ဟု ယုံကြည်လာသည်နှင့် အညီ နားမထောင်လျှင် ဘုရားသခင်က သူတို့အား သတ်မည်ဟုပြောရခြင်းမှာ သူတို့ကို ‘ ဘုရားများကဲ့သို့ မဖြစ်စေလိုသောကြောင့်” ပြောသည်ဟု ယုံကြည်စေသည်။

မြွေပြောသော မုသာစကားများသည် ဧဝအား မစားရန်တားမြစ်ထားခြင်းမှ အသီးကို ယူစားရန် ယုံကြည်စေကြောင်း ပုံပြင်အရသိနိုင်ပါသည်။ အံ့သြစရာကောင်း လောက်အောင် ဘာမျှအကြောင်းမထူးခဲ့ပါ။ မြွေပြောသောစကားသည် မှန်ကန် ပုံပေါ်ခဲ့သည်။ သူမတစ်ခုခုဖြစ်မည်ဟု ထင်ခဲ့သော်လည်း သူမသည် သေခြင်းသို့ မကျခဲ့ပေ။ ဓမ္မဟောင်းကျမ်း၏ မူရင်းဘာသာစကားဖြစ်သော ဟေဗြဲကျမ်းတွင် “စားသောနေ့၌ သင်တို့သည် ဧကန်အမှန် သေရမည်။” (ကမ္ဘာဦးကျမ်း ၂း၁၇) ဟူသော စာပိုဒ်တွင် အံ့သြဖွယ်ကောင်းသော အမြင်တစ်ခုကို တွေ့နိုင်ပါသည်။ ဟေဗြဲကျမ်းအတိုင်း ဘာသာပြန်ရလျှင် “သင်တို့သည် စားသောနေ့၌

သေအံ့ဆဲဆဲရှိသော သင်သည် အဆုံး၌ သေလိမ့်မည်” ဟု အဓိပ္ပါယ်ကောက်နိုင်ပါသည်။ သူတို့သည် ထိုအသီးကို စားခဲ့မိသည်နှင့် တပြိုင်နက် သေခြင်းသို့ ကျရောက်မည်ဟု ဘုရားသခင် ဘယ်တုန်းကမှ မဖော်ပြထားပေ။ သို့သော်၊ သူတို့ စားသောနေ့တွင် သေခြင်း၏ မပြောင်းလဲသောလုပ်ငန်းစဉ်သည် အစပြုလိမ့်မည်ဖြစ်ပြီး၊ ၎င်းသည် နောက်ဆုံးတွင် သေခြင်းဖြင့် အဆုံးသတ်ရလိမ့်မည်ဖြစ်သည်။

ဧဝသည် သူမ၏နားမထောင်ခြင်းမှ နာခြင်း၊ သေခြင်းအကျိုးဆက်များကို ချက်ချင်း မတွေ့ကြုံသောကြောင့် ထိုအချိန်တွင် ရဲရင့်လာပြီး၊ အသီးနောက်တစ်လုံးကို ခူးယူလျက် ခင်ပွန်းဖြစ်သူ အာဒံထံ သူမယူသွားခဲ့သည်။ သူမသည် တားမြစ်အသီးကို စားပြီးခဲ့သော်လည်း အသက်ရှင်တုန်းဖြစ်ကြောင်း သက်သေဖြစ်သည့် လက်တွင်အသီးကို ကိုင်ထားသော ဇနီးသည်အား အာဒံ မြင်လိုက်သောအခါ၊ အလွန်ပင်ရှက်ကြောက်ခဲ့ပါသည်။ ထိုအသီးကို စားသောသူနှင့် ဧဝ၏အသက်ကို ဘုရားသခင်သည် အပြစ်ဒဏ်ပေးစီရင်မည်ကို အာဒံ ယုံကြည်သိပြီးသားဖြစ်သည်။ ထိုအချိန်၌ သူသည် သူ၏ဇနီးကို အလွန်ချစ်သောကြောင့်နှင့် ဘုရားသခင်ကိုလည်း ထိုနည်းတူ ချစ်သောကြောင့် သူ၏စိတ်ထဲတွင် ဆုံးဖြတ်ရခက်ခဲလာပါသည်။ သူသိရှိနားလည်ထားသည်အတိုင်း၊ သူ၏ ဆက်ဆံမှုများမှ တစ်ခုသည် ထိုနေ့တွင် အဆုံးသတ်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် အာဒံသည် ဆုံးဖြတ်ချက်ကို ချခဲ့ရသည်။ ၎င်းဆုံးဖြတ်ချက်သည် လူသားမျိုးနွယ်တစ်ခုလုံးကို သမိုင်းတို့၏ အမှောင်မိုက်ဆုံး အချိန်ကာလထဲသို့ ကျရာက်စေခဲ့သည်။ သူသည် ဘုရားသခင်ထက် ဧဝကို ရွေးချယ်လိုက်ပြီး၊ တားမြစ်အသီးကို ယူစားခဲ့သည်။ (ကမ္ဘာဦးကျမ်း ၃း၆)

နောက်ဆက်တွဲ အဘယ်သို့ဖြစ်ပျက်သည်မှာ လူသားများအားဖော်ပြလိုသည့် ဘုရားသခင်၏ အလိုဆန္ဒသည် ဒုက္ခဆင်းရဲခြင်းနှင့် ဤစိတ်ပျက်ခြင်းများအားလုံး၏ အဖြေသည် သူသာလျှင်ဖြစ်ကြောင်း သိစေလိုသည်။ ဘုရားသခင်သည် ဇနီးမောင်နှံနှစ်ဦးထံ စကားပြောရန်ဆင်းကြွလာခဲ့သည်။ သူတို့က ဘုရားသခင်သည် သူတို့ကို သတ်မည်ဟု ကောက်ချက်ချခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် သူတို့ ပြေး၍ ပုန်းအောင်းနေခဲ့ကြသည်။ အလွန်သိမ်မွေ့စွာနှင့် သည်းခံစွာဖြင့် ဘုရားသခင်သည် အာဒံနှင့် ဧဝ၏ စိတ်ထဲတွင် မည်သို့ရှိနေမည်ကို သိနိုင်ရန် မေးခွန်းတစ်ခုဖြင့် ဆွေးနွေးခဲ့သည်။ သူတို့၏ကြောက်ရွံ့မှုသည် ဘုရားသခင်၏ စာရိတ္တတော်ကို မှားယွင်းစွာ နားလည်ထားသောကြောင့်သာ ရှိလာခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူတို့ကို နာကျင်စေရန် အလိုတော်မရှိသောကြောင့်ဖြစ်သည်။ (ကမ္ဘာဦးကျမ်း ၃း၇-၁၁) ဘုရားသခင်သည် မေးသည်ကား-

*“သင်၌ အဝတ်အချည်းစည်းရှိသည်ကို သင်အားအဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သော အပင်၏အသီးကို စားပြီလောဟု မေးတော်မူ၏။”* (ကမ္ဘာဦးကျမ်း ၃း၁၁)

သို့သော်၊ အာဒံ၏တုန့်ပြန်ခြင်းသည် ဘုရားသခင်၏နှလုံးသားကိုထွင်း၍ စုတ်ပြဲစေသည်-

*“…ကျွန်တော်၌ **ကိုယ်တော်**အပ်ပေးတော်မူသော **မိန်းမ**သည် ထိုအပင်၏ အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။”* ကမ္ဘာဦးကျမ်း ၃း၁၂ *(အလေးအနက်ထားရန်)*

ဧဝ၏ဂုဏ်သိက္ခာ ယုံကြည်မှုများ တစ်စစီကျိုးပဲ့ ပြိုကျနေမည်ကို ကျွန်ုပ်ခံစားနိုင်ပါသည်။ အာဒံထံမှ “ကျွန်ုပ်၌ ကိုယ်တော် အပ်ပေးတော်မူသော ထိုမိန်းမ…” ဆိုသောစကားကို ဧဝ ကြားခဲ့စဉ်တွင် သူမ၏ စိတ်နှလုံးသား အဘယ်သို့ ဆုတ်ပြဲနေမည်ကို ကျွန်ုပ်တို့ စိတ်တွင် တွေးထင် မြင်ယောင်နိုင်ပါသည်။ ထိုချစ်ခင်ကျွမ်းဝင်မှုသည် အဘယ်သို့ဖြစ်သွားခဲ့သနည်း။ ယခင်ပြောခဲ့သော စကားသည် ယခုချိန်တွင် ဘယ်အကျိုးသက်ရောက်မှု ရှိမည်နည်း။ (ပထမ ဆုံးပြောခဲ့သောစကားရည်ညွှန်းသည်မှာ “သင်သည် ငါ အရိုးထဲက အရိုး၊ ငါ့အသားထဲက အသား…”) သူမသည် ဖိညှစ်နင်းခြေခြင်းကို ခံခဲ့ရသည်။ အာဒံ၏ စကားများသည် လိမ်ညာမှုနှင့် မရိုးသားမှုများဖြင့် ပျက်ဆီးနေခဲ့သည်။ သူပြောခဲ့သော တခြားသော စကားလုံးများကို သူမ ယုံကြည်နိုင်အုံးမလား။ အားလုံးက မုသာစကားများသာ ဖြစ်နေခဲ့သလား။ သူသည် ဧဝကို ချစ်ရော တစ်ကယ်ပဲ ချစ်ခဲ့သလား။ ဘုရားသခင်၏စကားများကို မယုံကြည် (သို့) သံသယရှိခြင်းသည် လက်ထပ်ထားသောစုံတွဲနှစ်ဦးကြား မယုံကြည်မှု (သို့) သံသယရှိခြင်းကို ဖြစ်စေသည်။ အာဒံသည် ဇနီးသည်အပေါ် မိမိကိုယ်ကိုကာကွယ်သည့် စကား(ကျွန်တော်၌ ကိုယ်တော် အပ်ပေးတော်မူသော မိန်းမ…)၏ အကျိုးဆက်သည် အနာဂတ်တွင် အဘယ်သို့ဖြစ်သွားမည်နည်း။ အာဒံ၏ နှုတ်ဖျားမှထွက်လာမည့်စကားများကို သူမ ယုံကြည်နိုင်အုံးမည်လော့။ သေခြင်းနှင့် အပြစ်မှ မိမိကိုယ်ကိုကာကွယ်ရန် သူ့ဇနီးသည်အား အပြစ်ပုံချလုနီးဖြစ်နေသည့်အတွက် သူ့ကိုယ်သူလည်းပဲ ခွင့်လွှတ်နိုင်မည်လား။ မွေးဖွားလာသည့် သူတို့ကလေးများ နေရမည့် မိသားစု ဆက်ဆံရေးကို မြင်ယောင်ကြည့်နိုင်သည်။ ပထမဦး ဆုံးသောကလေးများဖြစ်သည့် ကာဣနနှင့် အာဗေလတို့သည် ဤကမ္ဘာမြေသို့မွေးဖွားလာသောအခါ တယောက်ကိုတယောက် ယုံကြည်မှုကျိုးပဲ့နေသော အာဒံနှင့်ဧဝတို့ လမ်းပြမှုကြောင့် ကလေးနှစ်ဦး၏စာရိတ္တများနှင့် လာမည့် မျိုးဆက်များကို

ၚင်းသည် အဘယ်သို့ အကျိုးသက်ရောက် မှုရှိနိုင်မည်နည်း။ သမ္မာကျမ်းစာသည် ဤအဖြေကို ဖော်ပြသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

*ကိုယ်တော်က၊ ထာဝရဘုရားသည်သည်းခံသောသဘော၊ သနားသောသဘောနှင့် ပြည့်စုံတော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်း အပြစ်တို့ကိုဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသောလူအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဖြစ်၏ဟု မိန့်တော်မူသည်အတိုင်း၊* ဝတ်ပြုရာကျမ်း ၁၄း၁၈

ကျွန်ုပ်တို့၏လုပ်ရပ်များနှင့် အားနည်းချက်များ၏ အကျိုးသက်ရောက်မှုများသည် အဘယ်မျှလောက် ထိခိုက်နစ်နာမှုအခြေအနေများရှိကြောင်း မျိုးဆက်ပေါင်းများစွာကို ဖော်ပြရန် ဘုရားသခင်က ထိုအခြေအနေများကို ပြသရန်ခွင့်ပြုကြောင်း ဤကျမ်းချက်က ဖော်ပြထားသည်။ ကျွန်ုပ်တို့၏လက်ရှိအခြေအနေမှာ အလွန်ကွဲပြားခြားနားမည် ဖြစ်သော်လည်း ကျွန်ုပ်တို့၏ ဖဦးဖြစ်သည့် အာဒံနှင့် အလွန်ဆင်တူသည့်အပြုအမူကို မကြာခဏ အမှန်တကယ် ကျွန်တော်တို့ ပြုမူတတ်ကြသည်ကို တွေ့ရသည်။ မပြောင်းလဲနိုင်သော ဘုရားသခင်၏ စာရိတ္တတော်နှင့်မတူဘဲ၊ အာဒံ၏ ဝမ်းနည်းစွာပြောင်းလဲထုတ်လုပ်ခဲ့သည့် စာရိတ္တကို ကျွန်တော်တို့ ဗီဇအမွေဆက်ခံခဲ့ကြသည် (မာလခိ ၃း၆၊ ဟေဗြဲ ၁၃း၈)။ အာဒံနှင့်ဧဝတို့၏သဘာဝ ဗီဇများသည် သူတို့၏ကလေးများနှင့် လာမည့်မျိုးဆက်များအပေါ် သက်ရောက်စေခဲ့သည်။

အဘယ်သို့ဖြစ်စေကာမူ၊ ဘုရားသခင်သည် ဖြေရှင်းနိုင်သည့်အဖြေတစ်ခုကို ကတိပေးခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုခဲ့သော သွန်သင်ဆုံးမမှုများကို ပြန်လည်ဆင်ခြင်သည့်အခါ မတည်နိုင်သောကတိများစွာအတွက် ကျွန်ုပ်တို့မှာ တာဝန်ရှိနေကြောင်း ဆင်ခြင်မိပါသည်။ ကျွန်ုပ်တို့သည် ဖခင်များ၊ မိခင်များဖြစ်သည့်အလျောက်၊ မိမိ၏သားသမီးများအတွက် ဘုရား၏နေရာတွင် ရပ်တည်ပေးနေရသည်။ ကလေးတစ်ယောက်၏ ဖွံ့ဖြိုးမှုအများစုနှင့် ဘုရားသခင်အပေါ် အမြင်များသည် ကလေးနှင့် မိဘ၏ဆက်ဆံရေးအပေါ် များစွာမူတည်သည်။ အကယ်၍ ကျွန်ုပ်တို့ မိခင်နှင့်ဖခင်များ၏ ကတိများကို မကိုးစားမယုံကြည်လျှင်၊ ကလေးများသည် ဘုရားသခင်ကို အဘယ်သို့ ယုံကြည်ကိုးစားနိုင်မည်နည်း။

# ဘုရားသခင်၏ကတိတော်

အာဒံနှင့် ဧဝတို့သည် ကောင်းမကောင်းသိကျွမ်းရာအပင်မှ အသီးကိုစားမိခြင်းအားဖြင့်၊ သူတို့၏ချို ယွင်းချက်ကို ရှုမြင်ခဲ့ရသကဲ့သို့၊ သူတို့စိတ်နှလုံးများသည်လည်း ရှုတ်ထွေးခြင်း၊ အမှောင်ထု၊ အသုံးမကျခြင်းနှင့် မျှော်လင့်ချက် ကင်းမဲ့ခြင်းများကိုသာ တွေ့ကြုံရခဲ့သည်။ သူတို့သည် မြွေ၏ လိမ်လည်ခြင်းကို ခံခဲ့ရသည်။ မြွေ၏စကားကို ယုံကြည်မိခြင်းသည် သူတို့၏ သခင်အဖြစ် ရွေးချယ်ရာရောက်စေခဲ့သည်။ သို့သော်၊ ဘုရားသခင်သည် သူတို့၏ အတိဒုက္ခကို သိသောကြောင့် မြော်လင့်ခြင်းတံခါးတစ်ခုကို ဖွင့်ထားပေးခဲ့သည်။ ဘုရားသခင်သည် ကတိတစ်ခုကို ပြုလုပ်ခဲ့သည်။ သူသည် မေရှိယကို စေလွှတ်ပြီး၊ ထိုမေရှိယသည် ထိုမြွေကို အောင်နိုင်သောသူ ဖြစ်လိမ့်မည်။ သမ္မာကျမ်းစာ၌ ဖော်ပြထားသည်မှာ-

*"သင်နှင့်မိန်းမကိုငင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငင်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။" ကမ္ဘာဦးကျမ်း ၃း၁၅*

လူသားသည် အလွန်ခက်ခဲကြမ်းတမ်းသောအခြေအနေသို့ ရောက်နေသည်ကို ဘုရားသခင်သိရှိခဲ့သည်။ မြွေ၏လှည့်ဖျားမှုသည် လူသားများအား ဘုရားသခင်၏ နှုတ်တော်စကားများကို သံသယရှိစေခဲ့သည်။ အာဒံနှင့် ဧဝတို့သည် ရှုပ်ထွေးမှုများဖြင့် ပြည့်နေသည်။ အဘယ်သူသည် အမှန်တရားကို ပြောနေခဲ့သနည်း။ ဘုရားသခင်လား (သို့) မြွေလား။ ဘုရားသခင်သည် "မိန်းမအမျိုးနွယ်"နှင့် "မြွေအမျိုးနွယ်"ကြား ရန်ငြိုးဖွဲ့ရန် ကတိပြုခဲ့ သည်။ မိန်းမအမျိုးနွယ် နှင့် မြွေ၏အမျိုးနွယ်ကြား အမှန်းတရားရန်ငြိုးဖွဲ့ခြင်းသည် အဘယ်အဓိပ္ပာယ်ကို ဆိုလိုသနည်း။ ဤအကြောင်းကိစ္စတွင် မိန်းမအမျိုးနွယ်သည် ဘာကို ကိုယ်စားပြုသနည်း။

*"အဆင်းလှ၍ နူးညံ့သိမ်မွေ့သော သူတည်းဟူသော ဇိအုန်**သတို့သမီး**ကို ငါဖျက်ဆီးမည်။" ယေရမိအနာဂတ္တိကျမ်း ၆း၂။*

*ကောင်းကင်၌ ကြီးစွာသော နိမိတ်လက္ခဏာဟူမူကား၊ **မိန်းမ**တစ်ဦးသည် နေကိုဝတ်လျက်၊ လကို ခြေဖြင့်နင်းလျက်၊ မိမိခေါင်းပေါ်၌ ကြယ်ဆယ်နှစ်လုံးဖြင့်ပြီးသော သရဖူကို ဆောင်းလျက် ပေါ်လာ၏။ ထိုမိန်းမသည် "လူမျိုးတကာတို့ကို*

*သံလုံတံနှင့် အုပ်စိုးလတံ့သော” သားယောကျ်ားကို ဘွားမြင်၏။ ထိုသားကို ဘုရားသခင်ထံသို့၎င်း၊ ပလ္လင်တော်သို့၎င်း ချီယူတော်မူ၏။ ထို**မိန်းမ**သည် အရက်တထောင်နှစ်ရာခြောက်ဆယ်ပတ်လုံး တော၌ကျွေးမွေးခြင်းကို ခံရမည်အကြောင်း ဘုရားသခင် ပြင်ဆင်တော်မူသော အရပ်သို့ ပြေးလေ၏။ ဗျာဒိတ်ကျမ်း ၁၂း၁၊ ၅၊ ၆။*

*အကြောင်းမူကား၊ ငါသည်သင်တို့ကို သီလနှင့်ပြည့်စုံသော **သတို့သမီးကညာ** ကဲ့သို့ ခရစ်တော်အား ဆက်အံ့သောငှါ၊ သင်တို့ကို လင်တဦးနှင့် ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင် ၏အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့် သင်တို့ကို စောင့်ရှောက်လျက်နေ၏။ ကောရိန္သု ဒုတိယစောင် ၁၁း၂။*

*အကြောင်းမူကား၊ ခရစ်တော်သည် **အသင်းတော်**၏အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့၊ ယောကျ်ားသည် **မိမိခင်ပွန်း**၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏။* ဧဖက်သြဝါဒစာ ၅း၂၃။

*ထိုအခါ ဤလောကတနိုင်ငံလုံးကို လှည့်ဖြား၍၊ **မာရ်နတ်စာတန်** အမည်ရှိသော **ရှေးမြွေဟောင်း** တည်းဟူသော နဂါးကို၎င်း၊ မြေကြီးသို့ ချလိုက်ကြ၏။* ဗျာဒိတ်ကျမ်း ၁၂း၉။

***ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်**တည်းဟူသော **နဂါး**ကို ကိုဘမ်း၍၊ အနှစ်တထောင်ဘို့ ချည်နှောင်လေ၏။* ဗျာဒိတ်ကျမ်း ၂၀း၂။

မိန်းမသည် ဘုရားသခင်၏အသင်းတော် (သို့) ဘုရားသခင်၏လူများကို ကိုယ်စားပြုသည်။ ဘုရားသခင်သည် သူ့သားသမီးများ၏ စိတ်နှလုံးသားထဲတွင် စာတန်မာရ်နတ်၏ လုပ်ဆောင်မှုကို မုန်းတီးစိတ်ပေးထားသည်။ ဘုရားသခင်သည် မာရ်နတ်၏စုံစမ်းခြင်းများအား ငြင်းပယ်နိုင်ရန် လူထဲတွင် အရည်အချင်းတစ်ခုကို ထည့်ထားပေးသည်။ ဤဖြစ်စဉ်သည် လူသားမိသားစုဝင်အားလုံးအတွက် ဘုရားသခင်၏ ဤကတိတော်ကို စဉ်းစားဆင်ခြင်ရန် ခရီးစဉ် တစ်ခုဖြစ်သည်။ ဘုရားသခင်၏ နှုတ်တော်ထွက်စကားများသည် အမြဲယုံကြည်စိတ်ချရပြီး၊ သူပြောခဲ့သည်အတိုင်း လုပ်ဆောင်မည့် အရာအားလုံးကို ပြီးမြောက်စေသည်ဟု ယုံကြည်ရမည်ဖြစ်သည်။ ဘုရားသခင်သည် အာဒံ သို့မဟုတ် ဧဝအား ထိုရန်ငြိုးကို မဖွံ့စေပါ။ ဘုရားသခင်ကိုယ်တော်တိုင် ထိုအမုန်းတရားကို သူတို့အထဲတွင် ထည့်ပေး

သည်။ ဤသဘာဝတရားကို ကျွန်ုပ်တို့ နားလည်သဘောပေါက်သောအခါ၊ အပြစ်တရားကို မုန်းတီးခြင်းသည် ဘုရားသခင်နှင့် သူ၏ လုပ်ဆောင်မှုများကိုလည်း ချစ်ရာရောက်စေသည်။ အောက်ပါကျမ်းချက်များကို ဆင်ခြင်သုံးသပ်ကြပါစို့-

*ဘုရားသခင်သည် ငါတို့ကို ရှေးဦးစွာ ချစ်တော်မူ**သောကြောင့်**၊ ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏။ ရှင်ယောဟန် ပထမစောင် ၄း၁၉။*

*ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် **မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင်** လောကီသားတို့ကို **ချစ်တော်မူ၏။** ရှင်ယောဟန် ၃း၁၆။*

သူ၏တပါးတည်းသောသားတော် သခင်ယေရှုခရစ်တော်ကို ကျွန်ုပ်တို့အားပေးခြင်းသည် သူ့၏ ကြီးမြတ်သော ချစ်ခြင်းမေတ္တာသက်သေတစ်ခုကို ကျွန်ုပ်တို့အား သူပေးခဲ့ခြင်းဖြစ် သည်။ သခင် ယေရှုသည် ဤလောကလူသားများအား ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို မြင်နိုင်အောင် ဖော်ပြပေးသောသူဖြစ်သည်။ သို့သော်၊ ထပ်လောင်းပြောပြထားသည်မှာ-

*"ထိုနည်းတူ ငါတို့သည် အရွယ်မရောက်မီ လောကီတရားနုလက်၌ **ကျွန်**ခံရကြ၏။ အချိန်ကာလ စေ့သောအခါ၊ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း၊ {ပညတ်တရား၏အပြစ်ဒဏ် စီရင်မှု အောက်၌ရှိသော} ပညတ်တရားလက်၌ရှိသော **ငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊** မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရား အောက်၌ဘွားမြင်ရသော သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။ ထိုသို့သင်တို့သည်သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။" ဂလာတိဩဝါဒစာ ၄း၃-၆ (ကွင်းစကွင်းပိတ်ဖြင့် ပြန်လည်ဖော်ပြထားသည်)*

ထိုလက်ဆောင်ကို အထူးသဖြင့် မှတ်ထားပါ။ ဘုရားသခင်ပေးသော လက်ဆောင်မှာ ဤလောကသို့ ခရစ်တော်၏ကြွလာခြင်းသာမက လူသားများ၏စိတ်နှလုံးသားထဲသို့ ကြွလာ

ခြင်းဖြစ်သည်။ ဤအကြောင်းကို ရှင်ပေါလုက အောက်ပါအသုံးအနှုန်းများဖြင့် ဖော်ပြထားသည်မှာ-

*"ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် **ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။** ကိုယ်ခန္ဓာ၌ ယခု ငါရှင်သော အသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကို ကိုယ်စွန့်တော်မူ၏။" ဂလာတိသြဝါဒစာ ၂း၂၀။*

ဘုရားသခင်သည် မြွေအား "သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကြား ရန်ငြိုးဖွဲ့စေမည်…" ထိုသို့ပြောသောအခါ၊ အာဒံအား ဘုရားသခင်ပြုထားသည့် ထိုကတိတော်သည် မပြောင်းလဲကြောင်း ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။ သူသည် ကမ္ဘာမြေ၏ မျက်နှာပြင်ပေါ်တွင် အသက်ရှင်သော လူသားတိုင်းအတွက် ကတိတော်တည်ချင်သူဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်တိုင် လုပ်ဆောင်လျှင် မည်သည့်အရာမျှ ပြီးမြောက်မည် မဟုတ်ကြောင်းကို သူသိသည်။ ကောင်းမြတ်သော တစ်စုံတစ်ခုကို လုပ်ဆောင်နိုင်ရန် မိမိကိုယ်ကို အားကိုးခြင်းသည် ကျဆုံးခြင်း၌ မိမိကိုယ်ကို အပ်နှံခြင်းသာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်၏ စာရိတ္တတော်ကို ယုံကြည်ခြင်းသည် အရေးကြီးလာသည်။ အကယ်၍ ကျွန်ုပ်သည် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်ကို မကိုးစားပါက၊ သူ၏ကတိတော်များလည်း၊ ကျွန်ုပ်အပေါ် အကျိုးသက်ရောက်မှုမရှိ (သို့) နည်းလာမည်ဖြစ်သည်။ ဘုရားသခင်သည် ကောင်းသောအရာများ၏ ရင်းမြစ်ဖြစ်ပြီး၊ မကောင်းမှုတစ်စုံတစ်ခုမျှ သူထံမှ မလာကြောင်း မယုံကြည်ပါက သူ၏ နှုတ်ကပတ်တော်သည်လည်း ကျွန်ုပ်တို့အပေါ် ဩဇာလွှမ်းမိုးနိုင်မည်မဟုတ်တော့ပေ။

***ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့**သည် အလင်းတို့၏ **အဘ**ထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ **ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်**တော်မူ၏။ ရှင်ယာကုပ်သြဝါဒစာ ၁း၁၇။*

*ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်း မရှိ။ ထို့ကြောင့်၊ ယာကုပ်အမျိုးသားတို့၊ သင်တို့ သည် ဆုံးရှုံးခြင်းသို့ မရောက်ကြ။ မာလခိအနာဂတ္တိကျမ်း ၃း၆။*

*ထိုနှုတ်ကပတ်တော်ထံ၌ ငါတို့သည်ကြားရ၍၊ သင်တို့အား ပြသသောတရား စကားဟူမူကား၊ ဘုရားသခင်သည်အလင်း ဖြစ်တော်မူ၏။* ***ဘုရားသခင်၌ မှောင် မိုက်အလျှင်းမရှိ။*** *၁ယော ၁း၅။*

ဘုရားသခင်သည် ကောင်းမြတ်သော ဆုကျေးဇူးများကိုသာ ပေးသည်။ အလိုတော်ကို ခံယူသူများအား (၎င်းကို ဘုရားသခင်သည် လူသားအားလုံးရရှိရန် မျှော်လင့်သည်) သူ၏ကတိတော်များကို အစဉ်အမြဲပြည့်စုံစေသည်။ စာတန်၏ လှည့်ဖျားမှုသည် ဘုရားသခင်၏ စကားများကို သံသယဝင်နိုင်ရန် လူသားများ၏စိတ်နှလုံးသားထဲတွင် အဘယ်မျှလောက် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်ကြောင်းနှင့် ထပ်ဆင့်၍ အဘယ်မျှထိတိုင် လိမ်ညာလှည့်ဖျားနိုင်ကြောင်းကို ဆင်ခြင်စဉ်းစားကြည့်ပါ။

*မိမိသားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ရှိသမျှ အဘို့အလိုငှါ စွန့်တော်မူသောသူသည်၊* ***သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့ နေတော်မူမည်နည်း။*** *ရောမဩဝါဒစာ ၈း၃၂။*

သို့သော်လည်း၊ ကျွန်ုပ်တို့သည် ဇာတိသဘောအားဖြင့် ဘုရားသခင်ကို သံသယရှိသောအခါ၊ အဘယ်ကဲ့သို့သော ယုံကြည်ခြင်းရှိနိုင်မည်နည်း။ ထိုသို့၊ ယုံကြည်ခြင်းရှိရန် လူသားများအတွက် မဖြစ်နိုင်ပေ။ ယုံကြည်ခြင်းသည် အဘယ်အရာဖြစ်ကြောင်း ရှင်းလင်းစွာနားလည်နိုင်ရန်အတွက် သခင်ယေရှုကို ကျွန်ုပ်တို့ မျက်မှောက်ပြုရမည်ဖြစ်သည်။ သို့မှသာ၊ သူ၏ယုံကြည်ခြင်းကို ကျွန်ုပ်တို့ လက်ခံရရှိနိုင်မည်ဖြစ်သည်။

ဆာလံကျမ်း ၂း၇ တွင်၊ သူ(ခရစ်တော်)သည် အဖခမည်းတော်ထံမှ လာကြောင်းကို၊ သားတော်ခရစ်တော်သည် သူ့အဖခမည်းတော်၏ အမှန်တရားကြွေးကြော်ခြင်းကို ကြေငြာခဲ့သည်မှာ-

*ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေအံ့။ ထာဝရဘုရားက သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ။ ဆာလံကျမ်း ၂း၇။*

သမ္မာကျမ်းစာက ဘုရားသခင်သည် မိမိ၏သားတော်ကို ခမည်းတော်ထံမှ ကြွလာကြောင်း အထောက်အထားများကို“ထင်ရှားပြသခဲ့သည်” ဟု မဖော်ပြပါ။ ခမည်းတော်ထံမှ လာသည့် နှုတ်တော်ထွက်စကားများသည် ယေရှုအတွက် လုံလောက်ပြည့်စုံနေပြီဖြစ်သည်။ သူသည် သူ့၏ခမည်း တော်စကားကို ယုံကြည်သည်။ ၎င်းသည် သူ့အားဖြောင့်မတ်စေ

သည့် အကြောင်းရင်းဖြစ်သည်။ ဤအရာသည် ခမည်းတော်နှင့် သူ့၏သားတော်ကြား တည်ရှိသော ယုံကြည်ခြင်းပဋိညာဉ်ဖြစ်သည်။ ခမည်းတော်၏ မိန့်တော်မူသောစကားအား ဖြင့်၊ သခင်ယေရှုသည် သူ၏သားတော်ဖြစ်ခြင်း အာမခံချက်ကို ရယူခြင်းဖြစ်သည်။ သူတို့ ၌ရှိသော ဆက်ဆံရေး၏ သဘောသဘာဝသည် ယေရှုက သူ့ခမည်းတော်၏ စကားများကို ဘယ်တော့မှ သံသယမရှိခဲ့ခြင်းပင်ဖြစ်သည်။ ယေရှုသည် ခမည်းတော်ထံကလာသော စကားလုံးတိုင်းကို အကြွင်းမဲ့ယုံကြည်သည်။

*ထိုကြောင့် ဟောပြောသမျှတို့ကို **ခမည်းတော်မှာထားတော်မူသည်အတိုင်း ငါ ဟောပြောသည်ဟု ကြွေးကြော်၍မိန့်တော်မူ၏။** ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၂း၅၀။*

*ငါ့ကိုစေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကို တကိုယ်တည်း နေစေခြင်းငှါ ခမည်းတော်သည် စွန့်ပစ်တော်မမူ။ အကြောင်းမူကား၊ **နှစ်သက် တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်**ဟု မိန့်တော်မူ၏။ ရှင်ယောဟန်ခရစ် ဝင်ကျမ်း ၈း၂၉။*

***ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။** အကြောင်းမူ ကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူ သည်ကိုင၎်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုင၎်း၊ ယုံကြည်ရမည်။ ဟေဗြဲသြဝါဒစာ ၁၁း၆။*

ကျွန်ုပ်တို့သည် ဤအမှန်တရားကို ပေါ့ပေါ့တန်တန်သဘောထားကြသည်။ သို့သော် ၎င်း သည် အသစ်သောပဋိညာဉ် (ပဋိညာဉ်သစ်)ဖြစ်သည်။ သခင်ယေရှု၏ စစ်မှန်သော ယုံ ကြည်ခြင်းသည် ကျွန်ုပ်တို့အတွက် ဥပမာဖြစ်သည်။ သူသည် တပါးတည်းသော သားတော် ဖြစ်သကဲ့သို့၊ ဘယ်အရာမှ မတည်ခင်ကတည်းက  ယုံကြည်ခြင်းကို ဖြစ်ပေါ်စေသည့် မူလ အမြစ်ဖြစ်သည်။ ထို့ကြောင့်၊ သူသည် ပဋိညာဉ်သစ်၏ မူလဖြစ်သည်။ သခင်ယေရှုသည် ယုံကြည်ခြင်းကို ဖော်ပြရန် ပထဆုံးပုဂ္ဂိုလ်ဖြစ်သည်။

*ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင် ယေရှုကို စေ့စေ့ထောက်ရှုကြ ကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်း မြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက် သောအရာ ကိုမမှတ်ဘဲ လက်ဝါး*

*ကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော် လက်ျာဘက်၌ ထိုင်နေတော်မူ၏။ ဟေဗြဲဩဝါဒစာ ၁၂း၂။*

ဤကျမ်းချက်ကို "ကျွန်ုပ်တို့ ယုံကြည်ခြင်း၏" ဟူ၍ သမ္မာကျမ်းချက်များက ဖော်ပြသည်ကို သင် သတိထားမိလိမ့်မည်၊ သို့သော် မူရင်းဂရိဘာသာ၌ ဤကျမ်းကို အမှန်ဖော်ပြသည်မှာ "ယုံကြည်ခြင်း၏" ဟူ၍သာ တွေ့ရှိရသည်။ ထို့ကြောင့်၊ ဤကျမ်းချက်က အမှန်တကယ် အဘယ်အရာကို ကျွန်ုပ်တို့အား ပြောနေသည်မှာ ယေရှုသည် ယုံကြည်ခြင်းကို ပထမဆုံး အသုံးပြုသည့်ပုဂ္ဂိုလ်ဖြစ်သည်။ ထို့အတွက်ကြောင့်၊ သူသည် ယုံကြည်ခြင်းကို ဖန်တီးသူ ဖြစ်သည်။ ဘယ်ကြောင့်ဆိုသော် သူသည် ဖန်တီးသူဖြစ်သောကြောင့် သူသည် ဤယုံ ကြည်ခြင်း (သူ့၏ယုံကြည်ခြင်း)ကို ကျွန်ုပ်တို့အား အဘယ်ကဲ့သို့ပေးမည်ကို သိပြီးသူ တစ်ဦးလည်းဖြစ်သည်။ ပြည့်စုံစေသောသူလည်း ဖြစ်ပါသည်။

***ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊*** *ယုံကြည်သောသူအပေါင်းတို့အဘို့ဖြစ်၍၊ ထိုသူအပေါင်းတို့ အပေါ်သို့ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်း အလျှင်းမရှိ။ ရောမဩဝါဒစာ ၃း၂၂။ (မူရင်း အင်္ဂလိပ်စကား၌* ***ယေရှုခရစ်၏ ယုံကြည်ခြင်း*** *ဟူ၍ သုံးထားသည်။)*

***ယေရှုခရစ်ကိုယုံကြည်ခြင်း****အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြသည်ကို၊ အပြစ်ထင်ရှားသော တပါး အမျိုးသားမဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သော ငါတို့သည် အမှန်သိသည်နှင့်အညီ ပညတ်တရား၏ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊* ***ခရစ်တော်ကိုယုံကြည်ခြင်း****အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ၊ ငါတို့ပင် ယေရှုခရစ်ကိုယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏ အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။ ဂလာတိဩဝါဒစာ ၂း၁၆။ (မူရင်းအင်္ဂလိပ်စကား၌* ***ယေရှုခရစ်၏ ယုံကြည်ခြင်း*** *ဟူ၍ သုံးထားသည်။)*

ကျွန်ုပ်တို့သည် ဤတန်ဖိုးရှိသော သခင်ယေရှု၏ယုံကြည်ခြင်း မရှိလျှင်၊ ဘုရားသခင်၏ စကားများကို ယုံကြည်ရန် မတတ်နိုင်ပေ။ သူ၏ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲ၌ သူ၏ယုံကြည်ခြင်း မရှိပါက၊ ဘုရားသခင်၏ စကားများနှင့် ကတိတော်များကို ဆက်လက်၍ သံသယဝင်နေမည်ဖြစ်သည်။ ဤအရာသည် အသစ်သောပဋိညာဉ်ဖြစ်ပြီး၊ သူ၏ဝိညာဉ်

တော်အားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌နေထိုင်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းဖြစ်သည်-

*အချိန်ကာလစေ့သောအခါ၊ ငါတို့သည်သား၏အခွင့်အရာကို ခံရမည်အကြောင်း၊ ပညတ်တရား လက်၌ရှိသောငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဘွားမြင်ရသော သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။ ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တဖန် အစေအပါးကျွန် မဖြစ်၊ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အမွေခံလည်း ဖြစ်ကြ၏။ ဂလာတိဩဝါဒစာ ၄း၄-၇။*

ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို လက်ခံရရှိနိုင်သည်။ သခင်ယေရှု၏ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ပြန်၍ပြေလည်စေသည်။

*ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြသည်ကို၊ အပြစ်ထင်ရှားသော တပါးအမျိုးသားမဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သော ငါတို့သည် အမှန်သိသည်နှင့်အညီ ပညတ်တရား၏အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ **<u>ခရစ်တော်ကိုယုံကြည်ခြင်း</u>အားဖြင့်** ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ၊ ငါတို့ပင် **ယေရှုခရစ်ကိုယုံကြည်ကြပြီ**။ အကြောင်းမူကား၊ ပညတ်တရား၏ အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ။ ဂလာတိဩဝါဒစာ ၂း၁၆။ (မူရင်းအင်္ဂလိပ်စကား၌ **<u>ယေရှုခရစ်၏ ယုံကြည်ခြင်း</u>** ဟူ၍ သုံးထားသည်။)*

မိမိကိုယ်ကိုယုံကြည်ကိုးစားခြင်းနှင့် ဘုရားသခင်ကိုသံသယဝင်ခြင်းမှ၊ မိမိကိုယ်ကိုသံသယဝင်ခြင်းနှင့် ဘုရားသခင်တပါးတည်း၌သာ ကိုးစားခြင်းသည် ပဋိညာဉ်ဟောင်းမှ ပဋိညာဉ်သစ်သို့ သွားသောလမ်းဖြစ်သည်။ ဤအရာကို ယုံကြည်ခြင်း၌အဘဖြစ်သော အာဗြဟံ၏ အသက်တာတွင် အကောင်းဆုံးဖော်ပြထားသည်။ ဤပဋိညာဉ်နှစ်ခုသည် ဘုရားသခင်အား အပြည့်အဝယုံကြည်ရန် ကျွန်ုပ်တို့အား မည်သို့လုပ်ဆောင်ကြောင်း အာဗြဟံသည် ကျွန်ုပ်တို့အား ပြသခဲ့သည်။

# ဘုရားသခင်၏ကတိတော်အား လူသား၏တုန့်ပြန်ခြင်း

*ထာဝရဘုရားသည်လည်း အာဗြံကို ခေါ်တော်မူ၍၊ "သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဘော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတံ့သောပြည်သို့ သွားလော့။ **ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။** ငါ ကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းကြီးခံရ သောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။" ကမ္ဘာဦးကျမ်း ၁၂း၁-၃။*

ဘုရားသခင်က အာဗြံအား ဤစကားများကို ပြောသောအခါ၊ အာဗြံမှာ အမွေဆက်ခံသူတစ်ဦးမျှ မရှိခဲ့ပါ (ကမ္ဘာ ၁၅း၃)။ ဘုရားသခင်က သူ့ဇနီး၊ မိသားစုဝင်များနှင့်အတူ မိမိတိုင်းပြည်မှ ထွက်ခွာရန်နှင့် ဘုရားသခင်ပြသမည့် နေရာကိုသွားရန် သူ့ကို တောင်းဆိုခဲ့သည်။ ထိုအချိန်တွင် သမ္မာကျမ်းစာပြောချက်အရ၊ အာဗြံသည် အသက် ၇၅ နှစ် ရှိနေပြီဖြစ်သည်(ကမ္ဘာဦး ၁၂း၄)။ ကလေးမမွေးဖွားနိုင်သော ကျွန်ုပ်၏ မိတ်ဆွေများအား ဤအကြောင်းကို ကျွန်ုပ်ဖော်ပြသက်သေခံခဲ့ဖူးသည်။ အခြားမိခင်များ ဝမ်းမြောက်စွာ သူတို့၏ ကလေးများပွေ့ချီသည်ကို မြင်သောအခါ၊ ကျွန်ုပ်မိတ်ဆွေ၏ ဇနီးမျက်နှာပေါ်တွင် ဝမ်းနည်းခြင်းကို ကျွန်တော်တွေ့မြင်ခဲ့ရသည်။ သူက သူ့ဇနီး ကိုနှစ်သိမ့်ရန်ကြိုးစားစဉ်၊ ကျွန်ုပ်မိတ်ဆွေ၏မျက်နှာ၌ ဝမ်းနည်းခြင်းပူပင်သောကကို ကျွန်တော် တွေ့မြင်ခဲ့ရသည်။ ကလေးမမွေးဖွားနိုင်သည့် စုံတွဲများသည် မေးခွန်းပေါင်းမြောက်များစွာကို ကျော်ဖြတ်ရမည်ဖြစ်သည်။ ကျွန်ုပ်သည် ဤအရာကို ခံစားရရန် အဘယ်သို့ ပြုမိသနည်း။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကို အမှားလုပ်ခဲ့မိသလား။ ဤဝန်ထုပ်ဝန်ပိုးရှိသောမိသားစုတွင် ကြီးမားသောဖိအားများစွာရှိသည်။ မိမိသည် ဘာတန်ဖိုးမျှမရှိဟူသော ခံစားချက်များနှင့် စာရဲနပန်း လုံးနေရမည်ကို သံသယရှိစရာမဟုတ်ပါ။ စာရဲ၏ သိမ်ငယ်မှုများသည် အာဗြံအပေါ်လည်း သက်ရောက်စေခဲ့သလား။ အာဗြံ၏တုန့်ပြန်ချက်ကို သတိပြုပါ-

*ထိုနောက်မှ ဗျာဒိတ်တော်အားဖြင့်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အာဗြံသို့ရောက်၍၊ အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ ငါသည် သင်၏ အကွယ်အကာဖြစ်*

*၏။ သင်၏အကျိုးသည် အလွန်ကြီးလှ၏ဟု မိန့်တော်မူလျှင်၊* ***အာဗြံက****၊ အရှင် ထာဝရဘုရား၊* ***အကျွန်ုပ်သည် သားမရှိဘဲ သွားရပါ၏။*** *ဤဒမာသက်မြို့သား ဧလျာဇာသည် အကျွန်ုပ်၏ အမွေခံဖြစ်ရပါ၏။ သို့ဖြစ်၍ အဘယ်ကျေးဇူးကို ပြု တော်မူပါမည်နည်းဟု လျှောက်ဆို၏။* ***တဖန်အာဗြံက အကျွန်ုပ်အား အမျိုးအ နွယ်ကို ပေးတော်မမူပါ။*** *အကျွန်ုပ်၏ အိမ်၌ ဘွားသောသူသည် အကျွန်ုပ်၏ အမွေခံဖြစ်ရပါသည်တကားဟု လျှောက်ဆို၏။ တဖန် ထာဝရဘုရား၏ နှုတ်က ပတ်တော် ရောက်လာသည်ကား၊ ဤသူသည် သင်၏အမွေခံ မဖြစ်ရ။ သင်၏ ကိုယ်ထဲက ထွက်သောသူသည် သင်၏ အမွေခံဖြစ်လိမ့်မည်ဟု မိန့်တော်မူပြီး လျှင်၊ ကမ္ဘာဦးကျမ်း ၁၅း၁-၄။*

ဘုရားသခင်၏ကတိတော်များကို မယုံကြည်စရာအဖြစ် အာဗြံ စုံစမ်းခံရသည်နည်းတူ ကျွန်ုပ်တို့လည်း ခံရနိုင်ပါသလား။ "သခင်က ကျွန်ုပ်ကို လူမျိုးကြီး ဖြစ်စေမယ်၊ ကျွန်ုပ်၌ သားသမီး မရှိပါသခင်။" ဟူ၍အာဗြံ သံသယစိတ်ရှိနေမလား။ ဘုရားသခင်၏ နှုတ်က ပတ်တော်သည် ကတိပေးထားသည့်အတိုင်း ပြည့်စုံပါ့မလားဟု အာဗြံထင်သည့်အချိန် များ စွာရှိနိုင်ပါသည်။ မှန်ပါတယ်။ ဘုရားသခင်သည် အာဗြံကို ထိုနေ့ချင်း၌ လူမျိုးကြီးဖြစ်မည် ဟု မပြောခဲ့ပါ။ ကျွန်ုပ်တို့အားလုံးနည်းတူ သူ၏ ဇာတိပကတိစိတ်သည် သည်းခံစိတ်ရှိပုံ မပေါ်ခဲ့ချေ။ ထာဝရဘုရားသခင်သည် အာဗြံအား သူ၏ကိုယ်ခန္ဓာထဲမှ အမွေခံဆက်ခံသူ ဆင်းသက်လာမည်ဟု ထပ်မံပြောကြားခဲ့သည်။ ဤဖြေရှင်းချက်အား ဖြင့်၊ စာရဲသည်လည်း ကတိတော်တွင် အကျုံးဝင်ကြောင်း ရှင်းပြရာရောက်ပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ထက်ထိမ်းမြားခြင်းကို ဘုရားသခင်ကိုယ်တိုင်က စတင်တည်ထောင်ခဲ့သောကြောင့် ဖြစ်သည်။ ထိုသို့ပြောသည်မှာ-

*"ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍၊ ကိုယ့်ခင်ပွန်း၌မှီဝဲ သဖြင့်၊* ***ထိုသူတို့သည် တသားတကိုယ်တည်း*** *ဖြစ်ရလိမ့်မည်။" ကမ္ဘာဦးကျမ်း ၂း၂၄။*

စာရဲကို အာဗြံအသား၏ အစိတ်အပိုင်းအဖြစ် ထည့်တွက်ရသည်။ ထိုကြောင့် အာဗြံကိုပေး သော ကတိတော်သည် စာရဲအတွက်လည်းဖြစ်သည်။ သူမသည် သူ၏ဇနီးဖြစ်သော ကြောင့်ဖြစ်သည်။ သို့သော် အာဗြံ၌ သူ့အသွေးအသားမှ ထွက်လာသော သားတစ်ယောက် မျှမရှိလျှင် ကတိတော်အမွေခံ ရှိမည်မဟုတ်ပေ။ ဤကဲ့သို့သော စကားများဖြင့် အာဗြံက

ဘုရားသခင်သည် အရှိအရှိတိုင်းပြောခြင်းဖြစ်၍ တင်စား၍ ပြောနေခြင်းမဟုတ်ကြောင်း ယုံကြည်စေသည်။ ဘုရားသခင်နှင့် သူ၏ဆက်ဆံရေးသည် ထင်သာမြင်သာရှိသော အခြေနေသို့ ရောက်ရှိလာသည်။ အာဖြံသည် ဘုရားသခင်၏ကတိတော်၌ သားကိုပေးမည်ဟု ယုံကြည်ရန် တောင်းဆိုထားသည်မှာ အံသြဖွယ် ဖြစ်ရပ်ဖြစ်ပါသည်။

*အာဖြံကိုပြင်သို့ ထုတ်ဆောင်တော်မူ၍၊ **"မိုဃ်းကောင်းကင်ကို မြော်ကြည့်လော့။ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့။" "သင်၏အမျိုးအနွယ်သည် ထိုသို့ဖြစ်လိမ့်မည်"** ဟု မိန့်တော်မူ၏။ **အာဖြံသည် ထာဝရဘုရားကို ယုံကြည်သည် ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။** ကမ္ဘာဦးကျမ်း ၁၅း၅၊ ၆။*

အာဖြံသည် ဖြောင့်မတ်သောသူအဖြစ် ချီးကျူးသမုတ်ခြင်းကို ခံခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူ့၌ ရင်သွေးတစ်ဦးတစ်ယောက်မျှ မရရှိသေးသော်လည်း သင့်မျိုးဆက်ကို မရေမတွက်နိုင်အောင် များပြားသော ကောင်းကင်ကြယ်များကဲ့သို့ ငါဖြစ်စေမည် ဟူသော ဘုရားသခင်၏ ကတိစကားကို ယုံကြည်သောကြောင့်ဖြစ်သည်။ ဤအရာအားလုံးကို စာရဲသည် အဘယ်သို့ တုန့်ပြန်ခဲ့သလဲ။ သူမမှာ ထို့အတူ အတွေ့ကြုံမျိုးရှိခဲ့သလား။

*အာဖြံ၏ မယားစာရဲ၌ သားဘွားခြင်းမရှိသဖြင့်၊ အဲဂုတ္တုပြည်သူ ဟာဂရအမည်ရှိသော ကျွန်မတယောက် ရှိသည်ဖြစ်၍၊ စာရဲက၊ **"အကျွန်ုပ်အား သားဘွားရသောအခွင့်ကို ထာဝရဘုရားပေး တော်မမူ။** အကျွန်ုပ်၏ ကျွန်မထံသို့ ဝင်ပါလော့။ သူ့အားဖြင့် အကျွန်ုပ်သည် တည်ဆောက်ခြင်း ရှိကောင်းရှိပါလိမ့်မည်" ဟု အာဖြံအား ပြောဆို၍၊ အာဖြံသည် စာရဲ၏စကားကို နားထောင်လေ၏။ ကမ္ဘာဦးကျမ်း ၁၆း၁-၂။*

ဘုရားသခင် ပထမအကြိမ် ကတိပေးသည့်အချိန်သည် ဆယ်နှစ်ခန့်ရှိလေပြီ။ သို့သော် ထူးခြားမှုတစ်စုံတစ်ခုမျှ မတွေ့ရသောအခါ စာရဲက ဘုရားသခင်သည် သူ့ကတိစကားပြည့်စုံစေရန် အကူညီလိုနေတာ ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ကောက်ချက်ချလိုက်သည်။ ၎င်းသည် ဘုရားသခင်အပေါ် သူမ၏ကိုယ်ပိုင်ဆက်ဆံရေးနှင့် ပတ်သက်သကဲ့သို့၊ ထိုအချိန်တွင် စာရဲ၏ဝမ်းနည်းခြင်းအပူပင်သည်လည်း ပိုမိုပြင်းထန်သောအဆင့်အထိရှိသည်။ သူ့အား ကလေးမရနိုင်ရန်ပြုသည်ဟု ဘုရားသခင်ကို စွပ်စွဲတော့၏။ ဤအရာသည် အမှန်တရား ဟုတ်ပါသလား။ ဘုရားသခင်က သူမကို မြုံအောင် လုပ်ခဲ့သလား။ အကယ်၍ သူမ

က ဤအရာကို ဘုရားသခင် လုပ်သည်ဟု ထင်လျှင်၊ ဘုရားက ထိုကတိကိုပေးသောအခါ၊ သူမသည် ဘုရားသခင်ကို ယုံကြည်ကိုးစားနိုင်မလား။

ကလေးမရနိုင်သော မိန်းမတစ်ဦး၏ စိတ်ထဲတွင် စိတ်အားသိမ်ငယ်မှု ဝင်တတ်သည်ကို သတိချပ်သင့်ပါသည်။ ဤခံစား ချက်အတွေ့အကြုံနှင့်အတူ၊ အာဗြံသည် ဖာရောဘုရင်နှင့် စကားပြောသောအခါ၊ စာရဲကို ညီမဖြစ်သည်ဟု လိမ်ညာပြီး၊ အီဂျစ်ဖာရောဘုရင်၏ နန်းတော်သို့ စာရဲကိုခေါ်ဆောင်လာခဲ့သည်။ (ကမ္ဘာဦးကျမ်း ၁၂း၁၂၊ ၁၃)။ တန်ဖိုးမရှိအသုံးမကျ သော သူတစ်ယောက်ကဲ့သို့ ခံစားနေရသော စာရဲသည် သူမ၏ ခင်ပွန်းကို မျှော်လင့်ချက်မဲ့ ကြုံရာမရတော့ပဲ အထက်ပါ စကားကို ပြောမိခဲ့ခြင်းဖြစ်သည်။

ထို့နောက်၊ သူမသည် ဘုရားသခင်၏ ကတိတော်ကို ပြည့်စုံစေချင်သည့် အကြံဖြင့် သူမ၏ ကျွန်ဟာဂရနဲ့ အိပ်ရန် အာဗြံကို တောင်းဆိုခဲ့သည်။ ဘုရားသခင်ပြောခဲ့သည့် ***"သင်၏*** *ကိုယ်ထဲက ထွက်သောသူသည် သင်၏အမွေခံဖြစ်လိမ့်မည်။"* ဟူသော ကတိတော်ကို သတိရပါ။ စာရဲက သူမသည် တူညီသည့် တစ်သားတခုတည်းသော တစ်စိတ်တစ်ပိုင်း မဟုတ်ကြောင်းနှင့် ဟာဂရသည် သူမကိုယ်စား ကလေးတစ်ယောက် ယူဆောင်လာနိုင် လိမ့်မည်ဟု အာဗြံကို ပြောခဲ့သည်။ ဘုရားသခင်၏ "ကတိတော်ကို ပြည့်စုံစေရန် အကူ အညီ" ဖြစ်နိုင်သည်ဟု စာရဲက တွက်ဆခဲ့သည်။

ဘုရားသခင်၏ စကားများသည် ကောင်းမြတ်သောအရာများနှင့်အတူ ကတိတော်တစ်ခု အဖြစ် ရောက်လာကြောင်း အာဗြံ ကြားခဲ့သည်။ သို့သော် ယခုကြားခဲ့ရသော အသစ်သော ထူးခြားသည့် စကားများသည် သူ့ဇနီးထံမှလာပြီး၊ ဘုရားသခင်၏ ဂတိတော်အမှန်ပြည့် စုံလာရန် ခြားနားသောနည်းလမ်းတစ်ခုအဖြင့် သူမှတ်ယူခဲ့သည်။ ထိုသို့ အခြားရွေးချယ် စရာနည်းလမ်းသည် ယုံကြည်ခြင်းလမ်း မဟုတ်ဘဲ၊ အမှန်မှာ လူသား၏ လုပ်ဆောင်မှု အားဖြင့် ဘုရားသခင်၏ကတိတော်ကို ပြည့်စုံစေမည့် နည်းလမ်းတစ်ခုသာဖြစ်သည်။ အာဗြံသည် သူ့မိန်းမ၏ အကြံပေးခြင်းကို လက်ခံပြီး၊ ဟာဂရ နှင့်သွားအိပ်ခဲ့သည်။ ထို့ နောက်ဟာဂရသည် ပဋိသန္ဓေစွဲလာခဲ့သည်။ စာရဲနှင့် ပဋိသန္ဓေယူနိုင်စွမ်း မရခြင်းသည် အာဗြံဟံကြောင့်မဟုတ်ဘဲ၊ စာရဲကြောင့်ဖြစ်ကြောင်း သက်သေဖြစ်လာသည်။

ဟာဂရသည် ကလေးရလာသောအခါ သူမ၏သခင်မ စာရဲထက်သာလွန်သည်ဟု ခံစား ရပြီး၊ စာရဲကို မထီလေးစားပြုမူဆက်ဆံလာတော့သည်။ ထို့သို့၊ အမျိုးသမီးနှစ်ဦးကြား ယောက်ျားတစ်ဦး၏ နှလုံးသားကို လုယူကြိုးပမ်းနေသောကြောင့် သူတို့၏ အိမ်ပတ်ဝန်း

ကျင်သည့် အဆိပ်အတောက် ဖြစ်လာတော့သည်။ ထို့နောက် စာရဲက သူမ၏အကြံအစည် မှာ မကောင်းကြောင်းကို စတင်မြင်တွေ့ခဲ့သည်။ ဘုရားသခင်ကို "ကူညီ"ရန် သူမ၏ စီစဉ်သည့် ရလဒ်ပြောင်းပြန် ထွက်ပေါ်ခဲ့သည်။ ထို့နောက် စာရဲသည် အာဗြံအား အိမ်တွင်း သို့လာမည့် ပြဿနာများအတွက် တာဝန်ရှိသည်ဟု ပြောဆိုလာသည်မှာ-

*အာဗြံသည်လည်း ဟာဂရထံသို့ ဝင်၍၊ ဟာဂရသည် ပဋိသန္ဓေစွဲလေ၏။ ဟာဂရ သည် မိမိတွင် ပဋိသန္ဓေစွဲနေကြောင်းကို သိလျှင်၊ မိမိသခင်မကို မထီမဲ့မြင်ပြု လေ၏။ စာရဲကလည်း* ***အကျွန်ုပ် ခံရသောအပြစ်သည် ကိုယ်တော်ခေါင်းပေါ်၌ တည်ရှိပါစေ။*** *အကျွန်ုပ်၏ ကျွန်မကို ကိုယ်တော်ရင်ခွင်၌ အကျွန်ုပ်အပ်နှင်းပါပြီ။ သူသည် ကိုယ်၌ပဋိသန္ဓေစွဲနေကြောင်းကို သိလျှင်၊ အကျွန်ုပ်ကို မထီမဲ့မြင်ပြုပါ သည်တကား။* ***ထာဝရဘုရားသည် အကျွန်ုပ်နှင့် ကိုယ်တော်အမှုကို စီရင်တော်မူ ပါစေသောဟု၊*** *အာဗြံအား ဆိုလေ၏။ ကမ္ဘာဦးကျမ်း ၁၆း၄၊ ၅။*

အာဗြံသည် အိမ်ထောင်၏ဦးခေါင်းဖြစ်သောကြောင့် အခြားဇနီးတစ်ဦးအား အိမ်ထဲသို့ ဝင် လာသောအခါ တာဝန်ဝတ္တရားသည် နောက်ဆုံးတွင် သူ၏ပခုံးပေါ်၌သာရောက်ရှိလာ၏။ ဘုရား သခင်၏ကတိတော်ကို သူတို့ကိုယ်ပိုင်နည်းလမ်းဖြင့် ပြည့်စုံစေရန်ကြိုးပမ်းခြင်းနှင့် ဘုရားသခင် ကတိထားတော်မူသောအချိန်ကို ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်စေ ရန် ခွင့်မပြုသည့်အတွက် သူတို့ အိမ်ထောင်မိသားစု၏ ငြိမ်သက်မှုနှင့် ညီညွတ်စည်းလုံးမှု သည် ပျက်ဆီးသွားခဲ့သည်။ အိမ်တွင်းတိုက်ခိုက်မှုများကို ကြားရသောအခါ၊ အာဗြံအား ဝမ်းနည်းကြေကွဲခဲ့သည်။ အာဗြံသည် စာရဲအား သူမလိုချင်သည့်ဆန္ဒအတိုင်း လုပ်ဆောင် ရန် အခွင့်ပေးခဲ့သည်။ ထို့ကြောင့် စာရဲသည် ဟာဂရအား ပြင်းထန်စွာ ဆက်ဆံခဲ့ပြီးနောက်၊ ဟာဂရကို အိမ်မှထွက်သွားခိုင်းခဲ့သည် (ကမ္ဘာဦး ၁၆း၆)။ စာရဲနှင့် ဟာဂရတို့ကြောင့်၊ အာဗြံ၏ နှလုံးသားထဲမှာ ခံစားရသော နာကျင်ခြင်းကို သင်မြင်ယောင်ကြည့်နိုင်မည်လား။ အာဗြံနှင့် စာရဲတို့သည် အကောင်းဖြစ်လာရန် ယုံကြည်မျှော်လင့်ခဲ့သော်လည်း ဘုရား သခင်၏ အင်္ကနေးအတာကို ထိန်းချုပ်ရန်ကြိုးစားခြင်းသည် အဘယ်မျှလောက် မိုက်မဲရာ ရောက်ကြောင်း သိမြင်လာတော့သည်။

ဟာဂရသည် နောက်ဆုံးတွင် ဣရှမေလကို မွေးဖွားသောအခါ၊ အာဗြံသည် အသက် ၈၆ နှစ် ရှိနေပြီ ဟု သမ္မာကျမ်းစာက ဖော်ပြထားသည်(ကမ္ဘာဦး ၁၆း၁၆)။ ဆိုလိုသည်မှာ အမွေ ဆက်ခံသူကို ကတိတော် ပထမအကြိမ်ပေးပြီးကတည်းက ၁၀ နှစ်ခန့်ရှိနေပြီဖြစ်သည်။

ဘုရားသခင်၏ကတိတော် ပြည့်စုံလာရန်၊ ယုံကြည်ခြင်းအားဖြင့် ဆယ်နှစ်စောင့်ဆိုင်းပြီး တောင်းခံရမည့် စိန်ခေါ်ချက်သည် အလွန်ခက်ခဲပါလိမ့်မည်။ ဘုရားသခင်အား 'ကူညီခြင်း" ဟူသည့် သူတို့၏စိတ်ကူးသည် ဘုရားသခင်၏အစီအစဉ် အမှန်မဟုတ်သောကြောင်း၊ ၎င်းအစားဝမ်းနည်းခြင်းနှင့် နာကျင်မှုကို ဆောင်ခဲ့ကြောင်းကို ယခု အာဗြံတွေ့မြင်ဖို့ရန်၊ ဘုရားသခင်က ခွင့်ပြုခဲ့ရသည်။ ငယ်ရွယ်သေးသော ဣရှမေလကို ဘုရားသခင်၏ နိုင်ငံတော်အမွေဆက်ခံသူအဖြစ် ထင်မြင်မျှော်လင့်နေကြချိန်တွင် အာဗြံသည် ပြိုကွဲနေသော အိမ်တွင် နေနေရသည်။ ဤအခြေအနေသည် သူတို့၏ယုံကြည်ခြင်းအားနည်း ခြင်းနှင့် ၎င်း၏အကျိုးဆက်ကြောင့် ဖြစ်ပေါ်စေသောနာကျင်မှုကို ဖော်ပြသည်။ ပဋိညာဉ်ဟောင်း တွင် နေထိုင်ခြင်းသည် ဘုရားသခင်၏ကတိတော်များကို သင့်ကိုယ်ပိုင်နည်းလမ်း အတိုင်း ပြည့်စုံရန် ကြိုးစားခြင်းနှင့် မိမိနည်းလမ်းဖြင့် ကြိုးစားဖြည့်ဆည်းခြင်းသည် နာကျင်မှုနှင့် ဝမ်းနည်းမှုအကျိုးတရားများကို ဖြစ်ပေါ်စေသည့် ဥပမာတစ်ခုဖြစ်သည်။ ဘုရားသခင် သည် အာဗြံဆီသို့ အလည်လာရောက်ပြီးနောက်၊ မကြာမီတွင် စာရဲမှမွေးဖွားလာမည် ဟူသော ကတိတော်အမွေခံအကြောင်း အမွေခံဆက်ခံသူကို ပေးမည်ဟူသော ကတိတော် ကို ထပ်မံပြောကြားခဲ့သည်-

> *ထိုနောက်၊ **အာဗြံသည် အသက်ကိုးဆယ်ကိုးနှစ်ရှိသောအခါ၊** ထာဝရဘုရားသည် အာဗြံအား ထင်ရှားတော်မူ၍၊ ငါသည် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာသွားလာ၍ စုံလင်ခြင်းရှိလော့။ နောက်တဖန်သင်၏ အမည်ကို အာဗြံ ဟုမခေါ်ရ။ သင်၏အမည်ကို အာဗြဟံဟုခေါ်ရ၏။ အကြောင်းမူကား၊ ငါသည် သင့်ကို **များစွာသော လူအမျိုးတို့၏ အဘအရာ၌ ခန့်ထားပြီ။** တဖန် ဘုရား သခင်က ၊သင်၏မယားစာရဲကို မူကား၊ စာရဲဟူသော အမည်ဖြင့်မခေါ်ရ၊ စာရာ ဟူသော အမည်ဖြင့်ခေါ်ရ၏။ **သူ့ကိုငါကောင်းကြီးပေး၍၊ သူ့အားဖြင့်လည်း သင် အား သားကိုပေးမည်။** အကယ်စင်စစ်သူ့ကို ကောင်းကြီးပေး၍၊ သူသည် လူအ မျိုးမျိုးဖြစ်လိမ့်မည်။ သူ၏အမျိုးအနွယ်၌လည်း အပြည်ပြည်သော ရှင်ဘုရင် ဖြစ်ကြလိမ့်မည်ဟု၊ အာဗြဟံအား မိန့်တော်မူ၏။ ကမ္ဘာဦး ကျမ်း ၁၇း၁၊ ၅၊ ၁၅- ၁၆။*

ဘုရားသခင်သည် ကတိပေးထားသည့်အတိုင်း၊ သူ၏ကတိတော်သည် နောက်ဆုံးတွင် ကေန်မုချ ပြည့်စုံခဲ့သည်ဟု ကျမ်းစာပုံပြင်က ဖော်ပြထားသည်-

*ထာဝရဘုရားသည်၊ အမိန့်တော်ရှိသည်အတိုင်း၊ စာရာကို အကြည့်အရှုကြွတော်မူ၍၊ ဂတိတော်ရှိသည်နှင့် လျော်စွာ သူ၌ပြုတော်မူသဖြင့်၊ စာရာသည် ပဋိသန္ဓေစွဲယူ၍၊ ဘုရားသခင် အမိန့်တော် နှင့် ချိန်းချက်သောအချိန်၌၊ အာဗြဟံအသက်ကြီးသောအခါ၊ သူ့အားသားကို ဘွားလေ၏။ အာဗြဟံသည်လည်း၊ မိမိရသောသားတည်းဟူသော၊ စာရာဘွားသောသားကို ဣဇာက်အမည်ဖြင့် မှည့်လေ၏။ ကမ္ဘာဦးကျမ်း ၂၁း၁-၃။*

ကတိတော်သားသည် နောက်ဆုံး၌ရောက်ရှိလာခဲ့သည်။ ၎င်းသည် နိမိတ်လက္ခဏာသက်သေဖြစ်သည်။ ဤသူငယ်သည် အာဗြံ၏အားနည်းခြင်းနှင့် အကူအညီမဲ့ယုံကြည်ခြင်းအားလက်ကမ်းပေးသော ခရစ်တော်၏ယုံကြည်ခြင်းအားဖြင့်သာ ရောက်လာခဲ့ခြင်းဖြစ်သည်။ လူ့သက်တမ်းအားဖြင့် စာရာသည် ကလေးများမွေးဖွားရန် အသက်အရွယ်ကြီးလွန်းပြီးဖြစ်သည်။ ဤအကြောင်းတွင် ဖော်ပြထားသော ဘုရားသခင်၏ ကျေးဇူးတော်ကို သုံးသပ်ကြည့်ပါ။ အာဗြဟံသည် ဘုရားသခင်ပေးသောကတိတော်ကို စုံလင်သောယုံကြည်ခြင်းဖြင့်မရယူနိုင်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်အတိုင်း၊ သူ၏ကတိတော်ကိုပြည့်စုံစေခဲ့သည်။ ဤဖြစ်စဉ်တွင်၊ အာဗြံသည် သူ၏ ယုံကြည်ခြင်းအားနည်းချက်ကိုသင်ယူ သိရှိခဲ့ရပြီး၊ ခရစ်တော်၏အကူအညီဖြင့် အာဗြံသည် ယေရှု၏ယုံကြည်ခြင်းကိုလည်း ခံယူရရှိခဲ့သည်။

ထိုအခါ၊ အိမ်၌သားနှစ်ယောက်ရှိ၏။ ပထမသားမှာ ကျွန်မဟာဂရမွေးဖွားခဲ့သောသားဖြစ်ပြီး၊ ဒုတိယမြောက်သားသည် စာရာမွေးဖွားခဲ့သော သားဖြစ်သည်။ ဒုတိယမြောက် မွေးဖွားခဲ့ သော်လည်း၊ ကမ္ဘာဦးကျမ်း ၁၂း၂ တွင် ဘုရားသခင်က အာဗြဟံအား မူလကပေးခဲ့သော အမွေဆက်ခံရမည့် ကတိတော်သားမှာ ဣဇာက်ဖြစ်သည်။

ဣဇာက်သည် ကြီးထွားလာသည်နှင့်အမျှ၊ အမိနို့နှင့်ကွာသောအခါ အာဗြဟံသည် ကြီးစွာသောပွဲခံခဲ့သည်။ ထိုဖြစ်ရပ်ကို ဣရှမေလ လှောင်ပြောင်နေသည်ကို စာရာတွေ့မြင်ခဲ့သည်။ ဣရှမေ ရှိခြင်းသည် အခြားမိန်းမမှတစ်ဆင့် သားရလိုသော သူမ၏ဆန္ဒကြောင့်ဖြစ်သော်လည်း သူသည် သူမ၏သားမဟုတ်ပါ။ ဣရှမေလသည် သူမ၏တရားဝင်သား၏အမွေခံအတွက် ပြိုင်ဘက်ဖြစ်သော်ကြောင့် သူ့ကို သည်းမခံနိုင်ဖြစ်ခဲ့သည်။ ထို့ကြောင့် စာရာသည် ဣရှမေလနှင့် ဟာဂရတို့ကို အိမ်မှ ထွက်သွားစေချင်ခဲ့သည်။ အကယ်၍ သူတို့

က မိသားစုအိမ်မှ ထွက်သွားလျှင်၊ သူမ၏သားအတွက် အာဗြဟံ၏အမွေနှင့် ၎င်းတွင် ပါဝင်မည့်အရာ အားလုံး လက်လွတ်ဆုံးရှုံးရမည်ကို စိုးရိမ်စရာမလိုတော့ပေ။

ထို့နောက် သူမသည် ဟာဂရနှင့် ဣရှမေလတို့ကို အဝေးသို့ပို့ရန် အာဗြဟံအား တောင်းဆိုခဲ့သည်။ စာရာ၏စကားကို ကြားသောအခါ အာဗြဟံ အဘယ်သို့ နာကျင်ခံစားမည်ကို သင်မြင်ယောင်နိုင်ပါသလား။ ဣရှမေလသည် စာရာ၏ သားမဟုတ်သော်လည်း သူသည် အာဗြဟံ၏သားရင်းဖြစ်သည်။ ဣရှမေလသည် သူ၏ပထမဆုံးမွေးဖွားသောသားဦးကို ဆုံးရှုံးရမည့် အရေးသည် ဖခင်၏နှလုံးသားကို ကြေကွဲစေခဲ့သည်။

> *...သူမသည် အာဗြဟံအား ထိုသို့ပြောသည်မှာ "ဤကျွန်မ၏သားသည် အကျွန်ုပ်၏သား ဣဇာက်နှင့်အတူ အမွေမခံရဟု အာဗြဟံအား ဆိုလေ၏။" အာဗြဟံလည်း၊ မိမိသားဖြစ်သောကြောင့်၊ ထိုအမှု အလွန်ခက်သည်ဟု ထင်လေ၏။ ကမ္ဘာဦးကျမ်း ၂၁း၁၀၊ ၁၁။*

အာဗြဟံအတွက် အလွန်ဝမ်းနည်းကြေကွဲစရာ အတွေ့အကြုံဖြစ်သည်။ အာဗြဟံသည် ထာဝရဘုရားသခင်၏ ကတိတော်ကို သည်းခံစောင့်ခဲ့လျှင်၊ ဤနာကျင်ခြင်း ဝေဒနာအားလုံးသည် သူ့၏အသက်၌ ခံစားရမည် မဟုတ်ချေ။ အဘယ်သို့ဖြစ်စေကာမူ၊ ကတိတော်ကို ရရှိချိန်သည် ဘယ်လောက်ကြာညောင်းခဲ့ကြောင်း သုံးသပ်ကြည့်ပါ။ အသက် ၇၅ နှစ်မှ ကတိတော်သား မွေးဖွားခင် သူ့အသက် ၁၀၀ ထိတိုင်အောင်ကြာခဲ့သည်။ ၂၅နှစ်သည် ထာဝရဘုရားသခင်၏ ကတိတော်ကို သည်းခံစွာစောင့်ရန် ရှည်လျားသောအချိန်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အာဗြဟံ၏ ယုံကြည်ခြင်းအားနည်းချက်ဖြစ်သော သူ၏မိန်းမ မဟုတ်သော ဟာဂရကို ယူခြင်းအားဖြင့် ဘုရားသခင်၏ ကတိတော်များကို လူဇာတိအားဖြင့် ဖြည့်ဆည်းရန် ကြိုးပမ်းခဲ့သောကြောင့် အာဗြဟံသည် ပူဆွေးမှုသောကဝေဒနာနှင့် ပြည့်သော အသက်တာကို တစ်သက်လုံးခံစားခဲ့ရသည်။ ဤပုံပြင်သည် နာကျင်စရာ ကောင်းသော်လည်း အလွန်တန်ဖိုးရှိသော သင်ခန်းစာကို ကျွန်ုပ်တို့သင်ယူနိုင်ပါသည်။ အကယ်၍၊ အာဗြဟံသည် ဘုရားသခင်၏အစီအစဉ်ကို ကတိတော်ရှင်၏ အလိုတော်အတိုင်းနှင့် နည်းလမ်းအတိုင်း ပြည့်စုံရန် စောင့်နေပါက၊ အာဗြဟံသည် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ရရှိမည်မှာ အသေချာဖြစ်သည်။

အာဗြဟံက အဘယ်ကြောင့် ဘုရားသခင်၏ကတိတော်ကို ပြည့်စုံရန်အတွက် ရိုးရိုးလေးနှင့် မစောင့်ဆိုင်းခဲ့သနည်း။ ၎င်းသည် အာဗြဟံ၏ ယုံကြည်ခြင်းအားနည်းပုံကို ဖော်ပြခြင်း

ဖြစ်သည်။ ကတိတော်ပြည့်စုံဖို့ရန်အတွက် ကျွန်ုပ်တို့လည်း နှစ်ပေါင်းများစွာ စောင့်ခဲ့မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည်လည်း အာဗြဟံရင်ဆိုင်ခဲ့ရသော အခြေနေအတိုင်း ရင်ဆိုင်ရနိုင်ပါသည်။ ဤအကြောင်းအရာသည် အာဗြဟံ၏အသက်တာအတွေ့အကြုံထဲမှ အလွန့်အရေးကြီးသော အဓိကသင်ခန်းစာဖြစ်သည်။ ထို့ကြောင့် ၎င်းအကြောင်းကို ကျွန်ုပ်တို့ လေ့လာရခြင်းဖြစ်သည်။ အာဗြဟံ၏အသက်တာအဖြစ်အပျက်များနှင့် သူ့၏မိန်းမနှစ်ဦးဖြစ်သော စာရာနှင့် ဟာဂရတို့ အကြောင်းသည် ကျွန်ုပ်တို့အသက်တာ၌ အဘယ်သို့ တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း ကျွန်ုပ်တို့ စဉ်းစားသုံးသပ်ကြပါစို့။

## အမွေဆက်ခံခြင်း၏ ကတိတော်

ဘုရားသခင်သည် အာဗြဟံအား နယ်မြေကို ပေးရန်ကမ်းလှမ်းသောအခါ၊ သူ၏မိသားစုများအားလုံးကို ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်၊ သူတို့သည် အာဗြဟံအားဖြင့် ကောင်းချီးခံရမည်ဖြစ်သည်။

*အရေဖျားလှီးခြင်းကို မခံဘဲယုံကြည်သော သူတို့သည် ဖြောင့်မတ်ခြင်းရှိသည်ဟု မှတ်စရာ အကြောင်းရှိစေခြင်းငှါ၊ ငါတို့အဘအာဗြဟံသည်* ***ထိုသူအပေါင်းတို့၏ အဘဖြစ်အံ့သောငှါငှင်း၊*** *အရေဖျားလှီးခြင်းကို ခံသည်သာမက၊* ***ငါတို့အဘ အာဗြဟံသည် အရေဖျားလှီးခြင်းကို မခံမှီရှိ သောယုံကြည်ခြင်းလမ်းသို့ လိုက်သောသူတို့၏ အဘဖြစ်အံ့သောငှါငှင်း၊*** *အာဗြဟံသည် အရေ ဖျားလှီးခြင်းကိုမခံမှီရှိသော ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်း တံဆိပ်တည်းဟူသော အရေဖျားလှီးခြင်း၏ လက္ခဏာကို ခံရသတည်း။ ထိုမှတပါး၊* ***ဤလောကကို အမွေခံစေမည်ဟု ဂတိတော်ကို*** *အာဗြဟံမှစသောသူ၏ အမျိုးအနွယ်တို့ သည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်။ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏။ ရောမသြဝါဒစာ ၄း၁၁-၁၃။*

*ထိုကြောင့်၊* ***ဂတိတော်သည် ပညတ်တရားနှင့်ဆိုင်သော အမျိုးအနွယ်တို့၌ ပြည့်စုံသည်သာမက၊*** *အာဗြဟံ၏ယုံကြည်ခြင်း တရားနှင့်ဆိုင်သော သူတို့၌ ပြည့်စုံလျက်၊* ***အာဗြဟံ၏အမျိုးအနွယ် အပေါင်းတို့၌ ပြည့်စုံမည်အကြောင်း၊*** *ကျေးဇူး*

*တော်ကြောင့်ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ၊ ယုံကြည်ခြင်းတရားကိုသာ အမှီပြု၍ ရောက်နိုင်၏။ ရောမဩဝါဒစာ ၄း၁၆။*

*ထိုသို့မှတ်တော်မူသည်ဟု အာဗြဟံအကျိုး အလိုငှါသာ ကျမ်းစာ၌ ရေးထားသည် မဟုတ်။ ငါတို့ အကျိုးအလိုငှါရေးထားသတည်း။ ငါတို့ သခင်ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော သူကိုငါတို့သည် ယုံကြည်လျှင်၊ ထိုယုံကြည်ခြင်းကို ငါတို့၏ဖြောင့်မတ်ခြင်းဟု မှတ်တော်မူ လတ္တံ့။ ရောမဩဝါဒစာ ၄း၂၃၊ ၂၄။*

အာဗြဟံသည် ဤကတိတော်နှင့်ဆိုင်သော နယ်မြေကို သူ့၏အသက်တလျှောက် လုံးဝနားမလည်ခဲ့သော်လည်း (တမန်တော် ၇း၅)၊ သူနှင့် သစ္စာရှိသော ယုံကြည်သူများ အားလုံးသည် ဤကမ္ဘာမြေကြီးကို အသစ်လဲသောအခါ၊ ၎င်းကို လက်ခံရရှိမည်ဖြစ်သည်။ ထိုကတိတော်အမွေကို ရရှိဖို့ရန်၊ အာဗြဟံသည် အလုပ်ပေါ်အခြေမခံဘဲ ယုံကြည်ခြင်း အပေါ်အခြေပြုသော ဘုရားသခင်နှင့် ဆက်ဆံရေးကို တည်ဆောက်ခဲ့သည်။ ကျွန်ုပ်တို့ အတွက်လည်း ထို့အတူဖြစ်သည်။ ကျွန်ုပ်တို့သည် ညွှန်ကြားချက်များကို ကြားသော်လည်း ၎င်းတို့အား ကျွန်ုပ်တို့၏ကိုယ်ပိုင်နည်းလမ်းနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန် ကြိုးစားနေကြသည် (ဤနေရာတွင် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသာ မှီခိုရန်သာ အာရုံစိုက် နေကြသည်)။ ဘုရားသခင်သည် ကျွန်ုပ်တို့၏မှီခိုအားထားမှုကို သူ့အပေါ် လုံးလုံးလျားလျား တည်ရှိစေသည့် ဆက်ဆံရေးသို့ ပြန်လာရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။ ဤ အရာသည် အလွန်အားရစရာမရှိသော အတွေ့အကြုံဖြစ်သည်။ အခြားသူတစ်ဦးအပေါ် လုံးလုံးမှီခိုခြင်းသည် ကျွန်ုပ်တို့အတွက် ယေဘုယအားဖြင့် အဆင်ပြေသော အရာမဟုတ် ပါ။ သဘာဝအားဖြင့် တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်တို့အတွက် တစ်ခုခုလုပ်ပေးပါ က စိတ်မရှိတတ်သော်လည်း၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရပ်တည်မှုကို အခြားသူတစ်ဦး အပေါ် မှီခို၍ အုပ်ချုပ်မှု အာဏာတစ်ခုအောက်တွင် မိမိကိုယ်မိမိ အပ်နှံလိုသောသူများ မဟုတ်ပေ။

ဂလာတိဩဝါဒစာ အခန်းကြီး (၄) တွင် တမန်တော် ရှင်ပေါလုက အာဗြဟံ၏အတွေ့ အကြုံအ ကြောင်းကို အဘယ်သို့ရေးထားကြောင့် လေ့လာသုံးသပ်ကြပါစို့။

*ပညတ်တရားအောက်၌နေချင်သောသူတို့၊ သင်တို့သည် ပညတ်တရားကို နားမ လည်ကြသလော။ ပညတ္တိကျမ်းစာ၌ လာသည်ကား၊* ***အာဗြဟံ၌ သားနှစ် ယောက်ရှိ၏။ သားတယောက်ကား၊ ကျွန်မ ၏သားဖြစ်၏။ တယောက်ကား***

*__ကျွန်မမဟုတ်သော မိန်းမ၏သားဖြစ်၏ဟု လာသတည်း။__ ကျွန်မ ၏သားသည် ဇာတိပကတိအားဖြင့် ဘွားသောသားဖြစ်၏။ ကျွန် မဟုတ်သော မိန်းမ၏သား သည် ကတိတော်အားဖြင့် ဘွားသောသားဖြစ်၏။ ထိုအကြောင်းအရာကို ပုံပမာ အားဖြင့်ဆိုသော်၊ ထိုမိန်းမနှစ်ယောက်ကား၊ __ပဋိညာဉ်တရားနှစ်ပါးကို ဆိုလိုသ တည်း။__ ဟာဂရအမည်ရှိသော မိန်းမ တည်းဟူသော ပဋိညာဉ်တရားတပါးသည် သိနာတောင်ပေါ်မှာ စီရင်၍၊ ကျွန်များကိုဘွားတတ် သောတရားဖြစ်၏။ အကြောင်းမူကား၊ ဟာဂရသည် အာရပ်ပြည်၌ရှိသော သိနာတောင်ဖြစ်၏။ ယခု ရှိသော ယေရုရှလင်မြို့နှင့်တူ၏၊ မိမိသားများနှင့်တကွ ကျွန်ခံရ၏။ အပေါ်မှာရှိ သော ယေရုရှလင်မြို့မူကား၊ ခပ်သိမ်းသော ငါတို့၏ အမိတည်းဟူသော ကျွန်မ မဟုတ်သော မိန်းမဖြစ် သတည်း။ ဂလာတိဩဝါဒစာ ၄း၂၁-၂၆။*

ရှင်ပေါလုက တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်နေသော အာဗြဟံ၏သားနှစ်ဦးသည် ပဋိညာဉ် နှစ်ခုကို ပုံဆောင်ကြောင်း ရှင်းပြခဲ့သည်။

*အကြောင်းမူကား၊ ဇာတိပကတိနှင့် ဝိညာဉ် ပကတိသည် တပါးနှင့်တပါး ဆန့် ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သော အကျင့်ကို မကျင့်နိုင်ကြ။ ဂလာတိ ၅း၁၇။*

ဇာတိမြေကို စွန့်ခွာ၍ ဘုရားသခင်၌ လုံးလုံးလျားလျား အပ်နှံသော အချိန်မှစ၍ သူအထဲ၌ ဝင်ရောက်လာသော ခရစ်တော်၏စိတ်သဘောနှင့် လူ့သဘာဝအလျောက် အာဗြံ၌ရှိသော လွတ်လပ်လိုသော စိတ်သဘောသည် စစ်တိုက်လျက်ရှိ၏။

ခရစ်တော်၏ဝိညာဉ်တော်အားဖြင့်၊ အာဗြဟံသည် ဘုရားသခင်ထံမှ ကတိတော်တစ်ခုကို လက်ခံရရှိခဲ့ပြီး၊ သူ၏ယုံကြည်ခြင်းကိုလည်း ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ယူခဲ့သည်။ အ ဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်ပြောထားသော စကားများကို ရိုးရိုးရှင်းရှင်း ယုံကြည်ခဲ့သောကြောင့်ဖြစ်သည်။ အနည်းငယ်ကြာသောနောက်၊ အာဗြံဟံ၏ ယုံကြည် ခြင်းသည် ယိမ်းယိုင်လာခဲ့သည်။ သူသည် နောက်ဇနီးတစ်ယောက်ကို ယူရန် စာရာ၏ အကြံပေးချက်များကို နားထောင်ခြင်းအားဖြင့် ဇာတိပကတိအလိုကို ဝန်ခံရာ ရောက်သွား ခဲ့သည်။ ဘုရားသခင် မဉ္ဇွန်ကြားခဲ့သည့် လွတ်လပ်သော နည်းလမ်းဖြင့် ကတိတော်သား ကို ရယူခဲ့သည်။ ၎င်းသည် မယုံကြည်သော လုပ်ရပ်ဖြစ်ပြီး၊ “ပဋိညာဉ်ဟောင်း” တွင်ရှိ ခြင်းဟု ဖော်ပြထားသည်။ ပေါလုက ဤလုပ်ရပ်ကို သိနာတောင်၌ရှိသော ဗ္ဗာသရေလ

လူမျိုးနှင့်တူကြောင့် ဆက်စပ်ပြောဆိုခဲ့သည်။ သိနာတောင်ပေါ်မှာ ဘုရားသခင်သည် မောရှေအားဖြင့် လူတို့အတို့ ပြုတော်မူသမျှအားလုံးကို လူတို့အား ဟောပြောလေသည်။

*ပဋိညာဉ်စာကိုလည်း ယူ၍၊ ပရိသတ်များရှေ့မှာ ဖတ်ပြီးလျှင်၊ သူတို့ကလည်း၊* ***ထာဝရဘုရားမိန့် တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်၊ နားထောင်ပါမည် ဟု ပြောဆိုကြ၏။*** *မောရှေသည်လည်း၊ အသွေးကိုယူ၍ လူများအပေါ်မှာဖြန်း လျက်၊* ***ဤအသွေးကား ဤအမှုအရာတို့တွင် သင်တို့၌ ထာဝရဘုရားဝန်ခံတော် မူသော ပဋိညာဉ်၏အသွေးဖြစ်သည်ဟု ပြောဆို၏။*** *ထွက် ၂၄း၇၊ ၈။*

ထာဝရဘုရား၏နှုတ်တော်ထွက်စကားများကို ဣသရေလအမျိုးသားတို့သည်၊ "အာမင်" ဟု စိတ်နှလုံးပါပါဖြင့် တုန့်ပြန်ထားသည့် မှတ်တမ်းကို ကျွန်ုပ်တို့ မတွေ့ရပေ။ သို့သော် ၎င်း အစား၊ သူတို့၏ ကိုယ်ပိုင်လမ်းဖြင့် ဘုရားသခင်၏ ကတိတော်များကို ဖြည့်ဆည်းရန် ကြိုးပမ်းကြသည်။ ဣသရေလအမျိုးသားများသည် နာခံလိုက်လျှောက်ရန် ကတိပေးခဲ့ကြ သော်လည်း ဖြစ်လာနိုင်သည့် အမှားအတွက် ကြိုတင်စဥ်းစားမှု တစ်ခုမျှမပြုခဲ့ကြပါ။ မိမိ တို့၏ဇာတိအပြစ်များနှင့် ခွန်အားဖြင့် နာခံနိုင်စွမ်းမရှိခြင်းကိုလည်း အသိအမှတ်မပြုခဲ့ကြ ပါ။ ဘုရား၏ အလိုတော်အတိုင်း မိမိတို့အစွမ်းဖြင့် မလိုက်နာနိုင်သကဲ့သို့ သူတို့အထဲ၌ ဘုရားသခင်၏ အလုပ်လုပ်ခြင်း နက်ရှိုင်းစွာလိုအပ်ကြောင်းလည်း မသိမမြင်နိုင်ခဲ့ကြချေ။ ကျွန်ုပ်တို့သည် မိမိ၏ခွန်အားဖြင့် ပညတ်တော်ကို လိုက်နာနိုင်သည်ဟု ယူဆပါက ကျေးဇူး တော် လိုအပ်ကြောင်း သိမြင်ကြုံတွေ့နိုင်မည်မဟုတ်ပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ရှိသော အပြစ်၏ဇာတိသဘောကို နားမလည်သေးသောကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဣသရေလအမျိုးသားများသည် ကျရှုံးနိုင်သည့်အဖြစ်ကို ထည့် သွင်းစဥ်းစားခြင်းမရှိပဲ နားထောင်လိုက်လျှောက်ရန် ကတိပေးခဲ့သောကြောင့်ဖြစ်သည်။ ထိုအချက်ကို ပဋိညာဉ်ဟောင်းတွင် ခွင့်လွှတ်၍မရချေ။ ကျွန်ုပ်တို့သည် မိမိတို့၏လို အပ်ချက်ကို အသိအမှတ်ပြုပြီး၊ ကယ်တင်ရှင်လိုအပ်ကြောင်းကို သိ၍ ပဋ္ဌနာပြု၍ ပဋိညာဉ် သစ်ထဲသို့ မဝင်သမျှကာလပတ်လုံး ပဋိညာဉ်ဟောင်းတွင်ရှိနေသေးလျှင် ကျရှုံးပျောက် ကွယ်ခြင်းနှင့် သေခြင်းသာ ရင်ဆိုင်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာ အဘယ်သို့ပြောသည် ကို မှတ်သားပါ။

*အထက်ကပညတ်တရားမရှိသဖြင့်၊ ငါသည် အသက်ရှင်၏။ ပညတ်တရားပေါ် သောအခါ အပြစ်တရားသည် ရှင်ပြန်၏။ ငါလည်း သေ၏။* ***အသက်ရှင်ခြင်းနှင့်***

***ဆိုင်သော ပညတ်တရားသည် သေခြင်းနှင့် ဆိုင်သည်ကို ငါတွေ့၏။*** *ရောမသြဝါဒစာ ၇း၉၊ ၁၀။*

ဘုရားသခင်သည် သူ့၏ကိုယ်ပိုင်ကတိတော်များကို ကျွန်ုပ်တို့အထဲ၌ ဖြည့်ဆည်းရန် အလိုရှိသည်။ သို့သော် ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ပိုင်အသက်တာများကို ထိန်းချုပ်ရန် ကြိုးစားခြင်းဖြင့်၊ ဘုရားသခင်၏အစီစဉ်ကို ဝင်ရောက် စွက်ဖက်တတ်ကြသည်။ ဤနည်းလမ်းသည် ဘုရားသခင်ထံမှ ဝေးကွာစေသောကြောင့် အသက်နှင့်လည်း ဝေးကွာစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေးအခေါ် အကြံအစည် အသက်ရှင်ခြင်းသည် ဝမ်းနည်းပူဆွေးခြင်းနှင့် ပျက်ဆီးခြင်းကိုသာ ယူဆောင်လာပေးလိမ့်မည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေးအခေါ်အကြံအစည်များအားဖြင့် အသက်ရှင်ခြင်းသည် သမ္မာကျမ်း၌ "ကျွန်သဘောသဘာဝ" (သို့) "ဇာတိ" အတိုင်းအသက်ရှင်ခြင်းဟု ရည်ညွှန်းပြောဆိုထားသည်။ ရှင်ပေါလုက အဘယ်သို့ ရေးသားထားသည်ကို သတိပြုပါ-

> *သို့ဖြစ်လျှင် ကောင်းမြတ်သောအရာသည် ငါ၌သေခြင်းအကြောင်း ဖြစ်သလော။ မဖြစ်နိုင်ရာ။* ***အပြစ်တရား****သည် မိမိသဘောကို ထင်ရှားစေခြင်းငှါ* ***ကောင်းမြတ်သောအရာအားဖြင့် ငါ၌သေခြင်းကို ပြု၍ သေခြင်းအကြောင်းဖြစ်၏။*** *ထိုသို့ဖြစ်သောကြောင့် အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန်အပြစ်နှင့်ပြည့်စုံခြင်းရှိသတည်း။ ထိုမှတပါး၊ ပညတ်တရားသည် ဝိညာဉ်ပကတိနှင့် စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ ငါမူကား ဇာတိ ပကတိရှိ၏။* ***အပြစ်တရားလက်၌ ကျေးကျွန်ဖြစ်၏။*** *ရောမသြဝါဒစာ ၇း၁၃၊ ၁၄။*

ထို့ကြောင့် ဤနေရာတွင် ဝိညာဉ်ပကတိ အတွေ့အကြုံနှင့် ဇာတိပကတိ အတွေ့အကြုံကို တွေ့ရသည်။ ဝိညာဉ်ပကတိသဘောသည် ဘုရားသခင်က ကျွန်ုပ်တို့အား ကတိတော်များ ပေးသောအခါ၊ ထိုကတိတော်များကို သူကိုယ်တိုင်ဖြည့်ဆည်းလိမ့်မည်ဟု ယုံကြည်ကိုးစားခြင်းဖြစ်သည်။ သို့သော် ဇာတိပကတိသဘောကား ထိုကတိတော်အတွက် ကျွန်ုပ်တို့၏ ကိုယ်ပိုင်နည်းလမ်းဖြင့် အရာအားလုံးကို လုပ်ဆောင်ခြင်း၊ ဘုရားသခင်၏ ကတိတော်များကို သံသယဖြစ်ခြင်း၊ ထိုကတိတော်များကို ယုံကြည်အတည်ပြုရန် လက္ခဏာသက်သေအတွက် ရှာဖွေခြင်းနှင့် မိမိတို့ကိုယ်ပိုင် မစုံလင်သော နားလည်ခြင်းဖြင့် ဘုရားသခင်၏ ကတိတော်များကို ဖြည့်ဆည်းရန် ကြိုးပမ်းခြင်းတို့ဖြစ်သည်။ ဂလာတိသြဝါဒစာ အခန်းကြီး ၄ တွင်၊ ရှင်ပေါလုသည် ဝိညာဉ်ပကတိ၏သဘောကို "ပဋိညာဉ်သစ်" ဖြစ်သည်ဟု

ရည်ညွှန်း ပြောဆိုထားပြီး၊ ဇာတိပကတိ၏ သဘောကို “ပဋိညာဉ်ဟောင်း” ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုထားသည်။

အာဗြဟံအကြောင်းကို ကျွန်ုပ်တို့ ပြန်လည်ဆက်စပ်လေ့လာသောအခါ၊ မိန်းမနှစ်ဦး (စာရာနှင့် ဟာဂရ)တို့မှ မွေးဖွားသော ကလေးများသည် အာဗြဟံအား ပေးထားသော ဘုရားသခင်၏ကတိ တော်တစ်ခုတည်း၌သာ မူတည်ကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ထို့ကြောင့်၊ ထိုကလေး ဣဇက်နှင့် ဣရှမေလသည် အာဗြဟံ၌ရှိသော အတွေ့အကြုံနှစ်ခု အကြောင်းကို မြင်စေနိုင်သော အရာဖြစ်သည်။ တစ်ခုမှာ လူသား၏ကြိုးစားမှုကို ပုံဆောင်သော ဣရှမေလကို ဖွားမြင်စေသည့် သူနှင့် ဟာဂရ၏ ဆက်ဆံရေးဖြစ်သည်။ အခြားတစ်ခုမှာ လူ့အနေဖြင့်မတတ်စွမ်းနိုင်ခြင်း၊ ကတိတော်အတိုင်း ပြည့်စုံစေတတ်သည့် ဘုရားသခင်၏ အံ့ဖွယ်တန်ခိုးတော်ကို ပုံဆောင်သော ကတိတော်သား ဣဇက်ကို ဖွားမြင်စေသည့် အာဗြဟံနှင့် စာရာ၏ ဆက်ဆံရေးဖြစ်သည်။

လူတစ်ဦး၏အသက်တာထဲတွင် ပဋိညာဉ်နှစ်ခု ဖြစ်ပျက်နေသည်ကို မှတ်သားရန် အရေးကြီးလှပါသည်။ ပဋိညာဉ်များသည် ရှည်လျားသော အချိန်ခေတ်ကာလကို ကိုယ်စားပြုခြင်း မဟုတ်ပါ။ အာဗြဟံ၏အသက်တာကို ကျွန်ုပ်တို့လေ့လာသောအခါ၊ ဘုရားသခင်၏ ကတိတော်များကို သူလက်ခံခြင်းသည် သူ့ကိုဖိတ်ခေါ်ခဲ့သော ပဋိညာဉ်သစ်ထဲ ဝင်ရန် စိတ်အားထက်သန်နေသူဖြစ်ကြောင်း တွေ့နိုင်ပါသည်။ အာဗြဟံသည် ဤဖိတ်ကြားချက်ကို ငြင်းပယ်သောအခါ၊ သူသည် သဘာဝအားဖြင့် လူတို့၏နှလုံးတွင်ရှိသောအရာအားလုံးကို မိမိကိုယ်တိုင်လုပ်၍ ပုန်ကန်လိုသောဆန္ဒကို ရိုးရိုးလေးထုတ်ဖော်ပြသခြင်းသာဖြစ်သည်။ အာဗြဟံ၏အသက်တာက ဤဖြစ်စဉ်သည် လူသားတို့တွင် အကြိမ်များစွာဖြစ်ပေါ်ကြောင်း ထင်ရှားစွာဖော်ပြပေးသည်။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်ဟောင်းသည် လူသားတို့၏ ဇာတိ နှလုံးသား၏ သရုပ်သဏ္ဍာန်ဖြစ်ပြီး၊ သဘာဝအားဖြင့် လူသားများသည် ဘုရားသခင်၏စကားကို နာခံနိုင်စွမ်းမရှိကြောင်း ဘုရားသခင်သည် ကျွန်ုတို့အား ဖော်ပြလိုသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိဖြစ်သည်အတိုင်း အမှန်တကယ်တွေ့မြင်လာချိန်၌ ကျရှုံးမှုများဖြင့် လောင်မြိုက်နေသော ကျွန်ုပ်တို့အား ဘုရားသခင်ကအပြစ်တင်မည်ဟု မျှော်လင့်မိသော်လည်း ကျွန်ုပ်တို့အား သူ၏ကျေးဇူးတော်ကိုဖော်ပြပြီး၊ ရွေးနှုတ်ခြင်းကတိတော်ကို လက်ခံရန် ကျွန်ုပ်တို့ကို ကိုယ်တော်ဖိတ်ခေါ်နေပါသည်။ ကိုယ်ကျိုးရှာခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်း လုပ်ရပ်တိုင်းသည် ပဋိညာဉ်ဟောင်းတွင်ရှိသော သဘောဖြစ်သည်။ ထို့ကြောင့် အာဗြဟံသည် အချိန်တိုင်း မိမိ၏အားနည်းချက်ကို အသိအမှတ်ပြုပြီး၊

ဘုရားသခင်က သူ၏ကတိတော်ကို ပြည့်စုံစေမည်ဟုလက်ခံခဲ့သောကြောင့် ပဋိညာဉ်တရားသစ်ဖြစ်သော ယေရှု၏ ယုံကြည်ခြင်းအားဖြင့် သူသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။ ဤအကြောင်းအရာနှင့်ပတ်သတ်၍ ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်သုံးသပ်သောအခါ၊ ကျွန်ုပ်တို့အတွက် အဘယ်သို့အကျိုးသက်ရောက်မှုများ ရှိသနည်း။ ကျွန်ုပ်တို့ကို ကတိတော်တစ်ခုပေးထားခဲ့ပြီးပြီလား။

## အသစ်သော ပဋိညာဉ်

သမ္မာကျမ်းစာက သူ့၏ချမ်းသာခြင်း(ငြိမ်သက်အနားယူခြင်း)သို့ ဝင်ရန် ကျွန်ုပ်တို့အားပေးထားသည့် ဘုရားသခင် ကတိတော်အကြောင်းကို မှတ်တမ်းတင်ထားသည်။ ထို "ချမ်းသာခြင်း" (ငြိမ်သက်အနားယူခြင်း) ဟူသောဝေါဟာရသည် ဘုရားသခင်၏ ကတိတော်ပြည့်စေခြင်းငှာ ကျွန်တော်တို့နည်းဖြင့် ကြိုးစားခြင်းမှ ရပ်နားခြင်းကို ဆိုလိုသည်။ ထို့ပြင်သာမက ဘုရားသခင်သည် သူ၏ ကတိတော်များကို ကျွန်ုပ်တို့အထဲ၍ ပြည့်စုံစေမည်ဟု ယုံကြည်သဘောတူခြင်းဖြစ်သည်။ အောက်ဖော်ပြသော ကျမ်းချက်ကို လေ့လာကြပါစို့။

> *"ယနေ့တွင် သင်တို့သည်* ***ဗျာဒိတ်တော်အသံကို ကြားလျက်****ရှိသည်****ဖြစ်၍****၊ ဆန့် ကျင်ဘက်ပြုရာ ကာလ၌ ရှိသကဲ့သို့၊* ***ခိုင်မာသော စိတ်နှလုံးမရှိကြနှင့်ဟု*** *ကျမ်းစာလာသည်အရာမှာ၊ ကြားပြီးမှ ဆန့်ကျင်ဘက်ပြုသော သူတို့ကား၊ အဘယ်သူနည်း၊ မောရှေနောက်သို့လိုက်၍ အဲဂုတ္တုပြည်မှ ထွက်လာသော သူအပေါင်းတို့သည် ထိုသို့ပြုကြသည် မဟုတ်လော။ အနှစ်လေးဆယ်ပတ်လုံး နှစ်သက်တော်မမူသော သူတို့ကား၊ အဘယ်သူနည်း။ ဒုစရိုက်အပြစ်ကို ပြုသောကြောင့် တော၌လဲ၍ သေသောသူပင် မဟုတ်လော။ သင်တို့သည် ငါ၏ ချမ်းသာထဲသို့ မဝင်ရကြဟု ကျိန်ဆိုတော်မူသော သူတို့ကား၊ မယုံကြည်သော သူမှတပါး အဘယ်သူနည်း။ သို့ဖြစ်၍၊* ***သူတို့သည် မယုံကြည်သော ကြောင့်သာ မဝင်နိုင်သည်ကို ငါတို့သိမြင်ကြ၏။*** *ထို့ကြောင့်၊* ***ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရသောအခွင့်ကို ပေးသော ဂတိတော်သည် ငါတို့၌ ရှိရစ်လျက်နှင့်****၊ သင်တို့တွင် အချို့တို့ သည် မမှီဘဲနေမည်ကို စိုးရိမ်ကြကုန်အံ့။* ***ငါတို့သည် ဝမ်းမြောက်စရာသိတင်းကို ထိုသူတို့ကဲ့သို့ ကြားရကြပြီ။*** *သို့ရာတွင် သူတို့*

*ကြားရသော တရားစကားသည်၊* ***ကြားရသောသူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့်*** *အကျိုးကိုမပေး။” ဟေဗြဲဩဝါဒစာ ၃း၁၅-၄း၂။*

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ထွက်စကားများကို ယုံကြည်ပြီး၊ သူ့၏ကတိတော်များ ပြည့်စုံရန် သူ့ကို ခွင့်ပေးပါက၊ ကျွန်ုပ်တို့သည် သူ့၏ချမ်းသာခြင်းသို့ ဝင်နေခြင်းဖြစ်သည်။ ကတိတော် အဘယ်သို့အောင်မြင်ပြည့်စုံခြင်းသို့ရောက်မည်ကို စိုးရိမ်စရာမလိုပေ။ သို့သော် ကျွန်ုပ်တို့သည် သစ္စာကတိတည်ကြည်သော ကိုယ်တော့်ကို ယုံကြည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ထားပေးခဲ့သော ကတိတော်မှာ အဘယ်နည်း။

*“နောက်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော* ***ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ ဘုရားဖြစ်သည်။ သူတို့သည်လည်း ငါ၏လူ ဖြစ်ကြလိမ့်မည်။*** *ထိုသူတို့က၊ ထာဝရဘုရားကို သိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်း တယောက်ကို တယောက် ဆုံးမဩဝါဒ မပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသော သူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။ ထိုအခါ* ***ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏”။*** *ယေရမိအနာဂတ္တိကျမ်း ၃၁း၃၃၊ ၃၄။*

ဤအံ့ဩဖွယ်ကောင်းလှသော ပဋိညာဉ်သစ်သည် ကျွန်ုပ်တို့လုပ်ဆောင်ရန် လုံးလုံးမဖြစ်နိုင်သောအရာကို ပြည့်စုံစွာ လုပ်ဆောင်ပေးမည်ဟု ပေးထားသော ကတိတော်တစ်ခုဖြစ်သည်။ စုံလင်သော စာရိတ္တတော်ကို ပေးမည့်ကတိတော်ဖြစ်သည်။ ဘုရားသခင်သည် ဤအရာကိုလုပ်ဆောင်မည်ဟု ကတိပေးခဲ့သည်။ ကျွန်ုပ်တို့၏ဉာဏ်နှင့် ခွန်အားများဖြင့် စာရိတ္တတော်စုံလင်ခြင်းအတွက် ကြိုးစားပါက၊ ကျွန်ုပ်တို့သည် ထပ်ခါထပ်ခါကျရှုံးမည်ဖြစ်သည်။ ကျွန်ုပ်တို့လဲကျသည့် အချိန်တိုင်း ဟောင်းနွမ်းသောဇာတိနှင့်အတူ နာကျင်ခြင်း၊ ဝမ်းနည်းခြင်းနှင့် သေခြင်းကိုသာ ယူလာပေးသည့် ကျုပ်တို့၏ ပဋိညာဉ်ဟောင်းကို ဖော်ပြနေခြင်းဖြစ်သည်။ သို့သော်လည်း အာဗြဟံနည်းတူ၊ ယုံကြည်ခြင်းအားဖြင့် ကတိတော်ပေးထားသော ထိုပဋိညာဉ်သစ်ကို ဆွဲကိုင်ရန် ကျွန်ုပ်တို့ကို ဘုရားသခင် အားပေးတိုက်တွန်းနေသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ လွတ်လပ်အမှီခိုကင်းမှုကို စွန့်လွှတ်ခြင်း၊ ဟောင်းသောဇာတိသဘော၏ချုပ်နှောင်သောမိန်းမကို စွန့်ခွာခြင်းနှင့် ပဋိညာဉ်

သစ်အတွေ့အကြုံ၌ လုံးလုံးလျားလျား ငြိမ်သက်ချမ်းသာခြင်းကို လက်ခံရယူ မထား သည့်ကာလပတ်လုံး ပဋိညာဉ်ဟောင်းနှင့် ပဋိညာဉ်သစ်နှစ်ခု စလုံးသည် ကျွနုပ်တို့အထဲ ၌ တစ်ချိန်တည်းတွင် အတူတကွ အလုပ်လုပ်နေအုံးမည်ဖြစ်သည်။

အချို့သောသူများ ယူဆကြသည်မှာ သင်သည် ပဋိညာဉ်သစ်သို့ တစ်ကြိမ်ဝင်ရောက်ပြီး သည်နှင့် ပဋိညာဉ်အဟောင်းသို့ ပြန်၍ မကျရောက်နိုင်ဟု ယူဆကြသည်။ အကယ်၍ သင်သည် ပဋိညာဉ်ဟောင်း အတွေ့အကြုံရှိ နေပါကလည်း သင်သည် ပဋိညာဉ်သစ် အတွေ့အကြုံလုံးဝ မရှိခဲ့ကြောင်း သက်သေဖြစ်သည်ဟုလည်း ယူဆကြသည်။ ဤယူဆ ချက်သည် မမှန်ကြောင်း အာဗြဟံ၏အသက်တာ အတွေ့ အကြုံမှ ကျွန်ုပ်တို့တွေ့နိုင်သည်။ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်ပြီး၊ ခရစ်တော်၏ဖြောင့်မတ်ခြင်း ဆုကျေးဇူးကို ရရှိခဲ့သည်။ နောက်ပိုင်းတွင် ဘုရားသခင်၏ကတိတော်များကို မယုံကြည် ဖြစ်ခြင်းအား ဖြင့်၊ ပဋိညာဉ်အဟောင်း အတွေ့ကြုံကိုလည်း တစ်ပြိုင်တည်း ကြုံတွေ့နေပြန်သည်။

မကြာခဏ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကတိတော် ပြည့်စုံလာမည်ဟု စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်ကြပါသည်။ သို့သော် အချိန်ကုန်လွန်လာပြီး၊ ပတ်ဝန်းကျင် အခြေအ နေများ ပြောင်းလဲလာသည်နှင့်အမျှ၊ သို့မဟုတ် ကျွန်ုပ်တို့အပြင်ဘက်ရှိကိစ္စများကြောင့်၊ ဖိအားပေးခံရသောအခါ၊ ကြောက်ရွံ့မှုနှင့် သံသယဝင်လာပြီး၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်း သည်လည်း ပျက်ဆီး ယိုယွင်းသွားတတ်ပါသည်။ ဤအရာသည် အာဗြဟံ၏အသက်တာ၌ ဖြစ်ပျက်ခဲ့သည်နည်းတူ ကျွန်ုပ် တို့၏အသက်တာ၌လည်း ဖြစ်ပျက်လျက်ရှိသည်။ ဟာဂရ နှင့်စာရာ နှစ်ဦးစလုံးသည် အာဗြဟံနှင့် အတူ နေထိုင်ခဲ့သည့်အချိန်တွင်၊ အာဗြဟံသည် စိတ်ဆန္ဒနှစ်ခုရှိနေပြီး၊ ပဋိညာဉ်ဆိုင်ရာ အတွေ့အကြုံနှစ်မျိုးစပ်ကြား ပိတ်မိနေရသည့် အ ချိန်များစွာရှိခဲ့သည်။ လူသားတိုင်းအသက်တာ တွင်လည်း ထို့အတူဖြစ်သည်။ ကျွန်ုပ်တို့ သည်လည်း "ကျွန်ုပ်တို့အဘ အာဗြဟံ၏ယုံကြည်ခြင်း တရားလမ်းသို့ လိုက်သွားကြ သည်။" (ရောမဩဝါဒစာ ၄း၁၂)

ပဋိညာဉ်နှစ်ပါးသည် လူသားတို့၏အကျင့်စရိတ္တနှင့် ဘုရားသခင်၏စာရိတ္တတော် မည်သို့ ရှိသည်ကို ဖော်ပြထားသည်။ ဘုရားသခင်သည် လုံးဝမပြောင်းလဲသောဘုရားဖြစ်သည်။ ထို့ ကြောင့် သူ၏ ကတိတော်သည် ပဋိညာဉ်အတွေ့အကြုံနှစ်မျိုးတွင် အတူတူပင် ဖြစ် ကြောင်းတွေ့ရသည်။ လူသားသည် လဲကျတတ်သော သဘောရှိပြီး၊ မပြတ်သားသော အ ကျင့်စရိုက်သာရှိသည်။ ပဋိညာဉ်ဟောင်းဖြစ်စေ၊ ပဋိညာဉ်သစ်ဖြစ်စေ၊ သူ၏ရွေးချယ်ဆုံး

ဖြတ်ချက်အတိုင်း ဤအတွေ့အကြုံသည် နှစ်ခုကို ကြုံတွေ့ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားများသည် ဇာတိပကတိစိတ်နှင့် စာတန်နည်းတူ လှည့်ဖြားတတ်သော သဘောသဘာဝအရ၊ ဘုရားသခင်အပေါ် မှီခိုအားကိုးခြင်းမပြုဘဲ အရာရာကို မိမိသဘောအတိုင်း လုပ်ဆောင်လိုခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်နှင့် ဆက်ဆံရေး ပထမဦးဆုံးအစပြုချိန်တွင် လူသားများသည် ပဋိညာဉ်အဟောင်း၌သာ အမြဲရှိနေလိမ့်ဖြစ်ကြောင်း အာမခံဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ အလိုတော်မဟုတ်ပါ။ လူသည် ဘုရားသခင်အကြောင်း ပို၍သိနားလည်လာပြီး၊ သူ့အပေါ်မှီခိုအားထားလာသည့်အခါတွင်၊ ပဋိညာဉ်သစ်ကို စတင်တွေ့ကြုံခံစားရမည်ဖြစ်သည်။ လူသားတို့၏စိတ်သည် ဘုရားသခင်နှင့်ပတ်သတ်၍ ရှုပ်ထွေးမှုအခြေအနေနှင့် မသိနားမလည်မှု အခြေ အနေများ၌ အမြဲတစေ အစပြုတတ်သောကြောင့်သာဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ကတိတော်များကို သူကတိပေးထားတော်မူသည်အတိုင်း၊ ပြည့်စုံလာမည်ဟု ယုံကြည်ကိုးစားပါက၊ ကျွန်ုပ်တို့သည် စစ်မှန်သော ချမ်းသာခြင်းကို တွေ့ကြုံမြည်းစမ်းရမည် ဖြစ်သည်။ ထိုကတိတော်များသည် အဘယ်ကဲ့သို့ပြည့်စုံလာမည်ကို ကျွန်ုပ်တို့ စိုးရိမ်ကြောင့်ကြစရာ လိုတော့မည်မဟုတ်ပါ။ ဘုရားသခင်သည် သူပြောသော အရာများကို သူကိုယ်တိုင် ပြီးမြောက်အောင်လုပ်ဆောင် လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်သောကြောင့်ဖြစ်ပါသည်။

> *ယုံမှားသောစိတ်နှင့်ကင်း၍ ဘုရားသခင်၏ ဂတိတော်ကို တွေးတောခြင်းမရှိ၊ ယုံကြည်အားကြီးသဖြင့် ဘုရားသခင်ကို ချီးမွမ်း၍၊* ***ဂတိထားတော်မူသောသူသည် ဂတိတော်အတိုင်း တတ်နိုင်တော်မူသည်ကို စိတ်စွဲလမ်းလေ၏။*** *ထို့ကြောင့်၊ သူ၏ယုံကြည်ခြင်းကို သူ၏ ဖြောင့်မတ်ခြင်း ကဲ့သို့ မှတ်တော်မူ၏။ ရောမဩဝါဒစာ ၄း၂၀-၂၂။*

> *အနှစ်လေးဆယ်ပတ်လုံး နှစ်သက်တော်မမူသော သူတို့ကား၊ အဘယ်သူနည်း။ ဒုစရိုက်အပြစ်ကို ပြုသောကြောင့် တော၌လဲ၍ သေသောသူပင် မဟုတ်လော။ သင်တို့သည် ငါ၏ချမ်းသာထဲသို့ မဝင်ရကြဟု ကျိန်ဆိုတော်မူသော သူတို့ကား၊ မယုံကြည်သောသူမှတပါး အဘယ်သူနည်း။ သို့ဖြစ်၍၊ သူတို့သည်* ***မယုံကြည်သောကြောင့်သာ*** *မဝင်နိုင်သည်ကို ငါတို့သိမြင်ကြ၏။ ဟေဗြဲဩဝါဒစာ ၃း၁၇-၁၉။*

ထို့ကြောင့်၊ ပဋိညာဉ်တရားများသည် ဘုရားသခင်က လူတစ်ဦးအား မယုံကြည်ခြင်းမှ သူ၏ ကတိတော်များဖြင့် ရင်းနှီးသော ဆက်ဆံရေးသို့ မည်သို့ခေါ်ဆောင်သွားကြောင်း လုပစွာဖော်ပြချက်များပင်ဖြစ်ပါသည်။ နောက်ဆုံးတွင်၊ ကတိတော်များသည် ထာဝရ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ပြည့်စုံလာသည်ကို မြင်တွေ့စေရန်ပင်ဖြစ်သည်။

ဘုရားသခင်သည် သူ၏သားသမီးတိုင်းကို အပြစ်နှင့် အပြစ်၏အခမှ ကယ်တင်ရန် မည့်သည့်အတိုင်းတာထိ ဆန္ဒရှိကြောင်း ဆင်ခြင်ခြင်းအားဖြင့် သင့်၌ အကျိုးတစ်တစ်ရာရှိစေမည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့သည် အမှားလုပ်မိသောအချိန်နှင့် ကျရှုံးသောသောအခါ၊ စိုးရိမ်ကြောက်လန့်ခြင်း မရှိတော့ဘဲ၊ ကျွန်ုပ်တို့၏လမ်းစဉ်ဖြင့် ဘုရားသခင်၏ ကတိတော်များကို ဖြည့်ဆည်းရန် ကြိုးစားနေသောကြောင့်သာဖြစ်ကြောင်း နားလည်သဘောပေါက်ကြပါစို့။ ကျွန်ုပ်တို့ လဲကျသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစွန့်ပစ်တော်မမူ။ သူ၏ပဋိညာဉ်သစ်သည် ကျွန်ုပ်တို့အတွက် မှန်ကန်ပင်ရှိနေဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် လဲကျသောအခါ မိမိတို့၏ အပြစ်နှင့် အမှားများကို နှိမ့်ချစွာလက်ခံပြီး၊ မိမိကိုယ်မိမိ မကိုးစားတော့ဘဲ၊ သခင်ဘုရား၏ ခွင့်လွှတ်ခြင်း နှင့်ကရုဏာကို ယုံကြည်ကိုးစားလျှင်၊ ခရစ်တော်၏စာရိတ္တတော်နှင့် ပို၍ နီးကပ်လာလိမ့်မည်ဖြစ်သည်။ သာ၍၊ သာ၍ပြည့်စုံရန် ဘုရားသခင်သည် သူပြောထားသည့် အတိုင်း လုပ်ဆောင်ပါလိမ့်မည်။

*ထိုမှတပါး၊ ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွါး များသည် အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။ ရောမသြဝါဒစာ ၅း၂၀။*

ရှုံးနိမ့်ခြင်း၏နေရာတိုင်းတွင် သင်လဲကျသည့်အခါ၊ သင်ယုံကြည်ခြင်းအားဖြင့် ရှေ့သို့သွားနိုင်ရန် ပဋိညာဉ်သစ်၏ ကျေးဇူးတရားသည် သင့်အတွက် ရှိနေပါသည်။ သင်၏ကျရှုံးမှုများသည် အမှန်တကယ်တော့ ဘုရားသခင်ကို ပို၍အကြွင်းမဲ့ ယုံကြည်ကိုးစားရန်၊ အထောက်အကူပြုနိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ရှုံးနိမ့်စေလိုသည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ လွတ်လပ်ချင်သော (သို့) အမှီအခိုကင်းသော စိတ်နှလုံးသားကို သူအပြည့်အစုံ သိနေသည်။ ကျရှုံးမှုများသည် စုံလင်သောယုံကြည်ခြင်းသို့ သွားရန် ကျွန်ုပ်တို့လျှောက်လှမ်းရမည့် လမ်းကြောင်းဖြစ်ပါသည်။

ကျွန်ုပ်တို့အဘအာပြဟံ၏ ခြေတော်ရာတော်အတိုင်းလိုက်လျှောက်၍၊ သူအောင်မြင်ခဲ့သည်နည်းတူ ကျွန်ုပ်တို့လည်း အောင်မြင်ကျော်လွှားကာ ဘုရားသခင့် ကတိတော်များ၏ ပြီမ်သက်ချမ်းသာခြင်း၌ တည်ကြည်ကြပါစို့။

# ယုံကြည်ခြင်း

# ခရီးစဉ်

ပဋိညာဉ်တရားနှစ်မျိုး၏အကြောင်းအရာကို နားလည်ခြင်းသည် ဧဝံဂေလိတရားကို နားလည်ရန်နှင့် သမ္မာကျမ်းစာကို မှန်ကန်သောမူဘောင်အတွင်း ဖတ်ရှုခြင်းအတွက် အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။ ဤစာအုပ်ငယ်သည် စာဖတ်သူအား ဤအကြောင်းအရာကို နားလည်ရန် မရှိမဖြစ်လိုအပ်သောအရာများနှင့်အတူ ထိုအကြောင်းအရာကို ရိုးရှင်းသောနည်းလမ်းဖြင့် နားလည်ရန် မိတ်ဆက်ပေးထားပါသည်။

လွန်ခဲ့သောရာစုနှစ်များစွာက၊ ခရစ်ယာန်ဘာသာအတွင်း ဖြစ်ပွားခဲ့သော လွဲမှားသော နားလည်မှုများကြောင့်၊ ပဋိညာဉ်များအကြောင်းနှင့် ပတ်သက်၍ ရှုပ်ထွေးမှုများစွာ ရှိခဲ့သည်။

ပဋိညာဉ်၏ရိုးရှင်းမှုကို အာဗြဟံ၏အသက်တာထဲတွင် ဖော်ပြထားသည်ကို သိမြင်စေသည်။ ဤအရာသည် ဂလာတိဩဝါဒစာ၌ ရှင်ပေါလုက ကျွန်ုပ်တို့ကို ပြောထားသော အရာဖြစ်ပါသည်။

*ပညတ္တိကျမ်းစာ၌ လာသည်ကား၊ အာဗြဟံ၌ သားနှစ်ယောက်ရှိ၏။ သားတယောက်ကား၊ ကျွန်မ၏ သားဖြစ်၏။ တယောက်ကား ကျွန်မမဟုတ်သော မိန်းမ၏သားဖြစ်၏ဟု လာသတည်း။ ကျွန်မ၏သားသည် ဇာတိပကတိအားဖြင့် ဘွားသောသားဖြစ်၏။ ကျွန် မဟုတ်သော မိန်းမ၏သားသည် ဂတိတော်အားဖြင့် ဘွားသောသားဖြစ်၏။ ထိုအကြောင်းအရာကို ပုံပမာအားဖြင့်ဆိုသော်၊ ထိုမိန်းမ နှစ်ယောက်ကား၊ ပဋိညာဉ်တရားနှစ်ပါးကို ဆိုလိုသတည်း။ ဟာဂရအမည်ရှိသော မိန်းမတည်းဟူသော ပဋိညာဉ်တရားတပါးသည် သိနာတောင်ပေါ်မှာ စီရင်၍၊ ကျွန်များကိုဘွားတတ်သောတရားဖြစ်၏။ ဂလာတိဩဝါစာ ၄း၂၂-၂၄)*

သင်ဖတ်ရှုသည့်အတိုင်း သင်၏ယုံကြည်ခြင်းခရီးစဉ်၌ များစွာသောကောင်းချီးမင်္ဂလာခံစားရပါစေ...